၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group    Issue No.812, May 1, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အာဏာပိုင်က ကတိဖျက်လို့ ညှိနှိုင်းသဘောတူညီချက်များပျက်ရဟု ဒေါ်စုပြော

**RFA ၊ ဧပြီ ၂၉ ။** ။ ၂၀၀၃ မေလ ၃၀ ရက်နေ့မှာဖြစ်ပွားခဲ့တဲ့ ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး အဲဒီအရေးအခင်းနောက်ပိုင်း ၂၀၀၄ ခုနှစ် မေလ အမျိုးသားညီလာခံပြန်မစမီကာလအတွင်း စစ်အစိုးရအာဏာပိုင်တွေနဲ့ ညှိနှိုင်းဆွေးနွေးရရှိခဲ့တဲ့သဘောတူညီချက်တွေကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပထမဦးဆုံးအကြိမ်အဖြစ် RFA ကနေ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဒီပဲယင်းအဖြစ်အပျက်အပြီး စစ်အစိုးရကိုယ်စားလှယ်အဖွဲ့နဲ့ NLD ခေါင်းဆောင်တွေအကြား လျှို့ဝှက်ဆွေးနွေးပွဲတွေ အကြိမ်တော်တော်များများရှိခဲ့ပါတယ်။ ထိခိုက်နစ်နာသူတွေကို ထိုက်သင့်တဲ့နစ်နာကြေးပေးရေးအပါအဝင် အချက် ၄ ချက်ကို အာဏာပိုင်တွေက သဘောတူညီခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

" ဒီပဲယင်းကိစ္စအပြီးမှာ အာဏာပိုင်တွေနဲ့တွေ့ဆုံစကားပြောသဘောတူညီမှုယူခဲ့တဲ့အချက်တွေက "၁။ ဒီပဲယင်းအဖြစ်အပျက် ကို စုံစမ်းစစ်ဆေးရန်၊ ၂။ အဲဒီဖြစ်စဉ်မှာ ထိခိုက်နစ်နာခဲ့သူတွေကို ထိုက်သင့်တဲ့နစ်နာကြေးပေးရန်၊ ၃။ နောင်အခါမှာ ဒီလိုအဖြစ်အပျက်မျိုး ထပ်မံမဖြစ်ဖို့ နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ ၄။ ဒီပဲယင်းနဲ့ပတ်သက်လို့ အဖမ်းဆီးခံနေရသူတွေအားလုံးကို ပြန်လွှတ်ပေးရန် ဆိုတာတွေဖြစ်ပါတယ်။"

ဒီပဲယင်းအရေးအခင်းနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပြောကြားချက်တွေကို မကြားရသေးတဲ့အတွက် ပြောဆိုဝေဖန်မှုတချို့ ပေါ်ပေါက်နေစဉ်အတွင်း RFA က အပတ်စဉ်ထုတ်လွှင့်နေတဲ့ လူထုနဲ့ဒေါ်အောင်ဆန်းစုကြည် အစီအစဉ်အတွက် သောတရှင်တဦးကမေးမြန်းခဲ့ရာမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလို ဖြေကြားလိုက်တာဖြစ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေအစိုးရနဲ့ အဲဒီလို သဘောတူညီချက်တွေရရှိပြီးကာမှ အာဏာပိုင်တွေဖက်က ကတိဖျက်ခဲ့လို့ အမျိုးသားညီလာခံတက်ရောက်ရေးအပါအဝင် သဘောတူညီမှုအားလုံး ပျက်ပြားခဲ့ရတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"NLD ဖက်ကတော့ မိမိတို့ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေကို အမျိုးသားညီလာခံလွှတ်ဖို့ သဘောတူလိုက်ပါတယ်။ ဒီအချက်အားလုံးကို နှစ်ဦးနှစ်ဖက်လက်ခံပြီးမှ အမျိုးသားညီလာခံစဖို့ရက် အနည်းငယ်လေးအလိုမှာ အန်တီ့ကိုမလွှတ်ပေးဘူး ပြောတာကစပြီး သဘောတူညီချက်တွေရော ဆွေးနွေးတာတွေရော ပျက်သွားပါတယ်။"

၂၀၀၃ ခုနှစ် မေလက အထက်မြန်မာပြည် စည်းရုံးရေးခရီးစဉ်အတွင်း စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ကျည်ရွာအနီးမှာ အာဏာပိုင်တွေရဲ့ကြံဖန်ခံလို့ လူအများက ယုံကြည် ယူဆကြတဲ့ တုတ်၊ ဓား လက်နက်ကိုင်လူရမ်းကား အမြောက်အမြားက ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြား NLD အဖွဲ့ဝင်တွေကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ရာမှာ လူ ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့တယ်လို့ မျက်မြင်သက်သေတွေကပြောကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ယဉ်မောင်းသူရဲ့ကျွမ်းကျင်မှုကြောင့် အဲဒီတိုက်ခိုက်မှုက မိမိလွတ်မြောက်ခဲ့ကြောင်း RFA ကို ပြောပါတယ်။

"အတိုချုံးပြောရမယ်ဆိုရင်တော့ ကားမောင်းတဲ့လူငယ်ကအင်မတန်မှကျွမ်းကျင်လို့ ဘယ်သူလို့မှန်းရခက်တဲ့သူတွေက လမ်းကိုအတားအဆီးတွေနဲ့ ပိတ်ဆို့ဖို့ကြိုးစားနေတဲ့အထဲကနေပြီးတော့ ဖောက်ထွက်နိုင်ခဲ့တာဖြစ်ပါတယ်။"

အခက်အခဲတွေမည်မျှရှိပေမဲ့လည်း နောက်မျိုးဆက်သစ်တွေရဲ့ အကျိုးအတွက် မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အောင်မြင်တဲ့အထိ မဆုတ်မနစ် ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။


| | | | | | |
|---|---|---|---|---|---|
| **ဒီမိုကရေစီကို အထောက်အကူဖြစ်စေမယ့် ဆုံးဖြတ်မှုမျိုးလုပ်ဖို့ အီးယူကို ပြော** | **မြန်မာ့ဒုက္ခသည် ပြန်ပို့ရေး အချိန်မတန်သေးဟု အမေရိကန်ပြောဆို** | **ဦးသိန်းစိန် မိန့်ခွန်းအကောင်အထည်ဖော်ရန် တိုင်းရင်းသားများ တောင်းဆို** | **လတ်တလောခန့်အပ်လိုက်တဲ့သမတအကြံပေး အဖွဲ့ အသုံးချခံရဖွယ်ရှိ** | **ဆက်ဆံရေး တိုးမြှင့်ဖို့ မြန်မာအစိုးရသစ်ကို အမေရိကန်အစိုးရတိုက်တွန်း** | **ဦးသိန်းစိန်အစိုးသစ်က ဆယ်စုနှစ်ချီတဲ့ကုန်သွယ်မှုကောင်စီကို ဖျက်သိမ်း** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၆** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၉** |

VOB အာဘော်

# လူသာစု နတ်သာစုခေါ်နိုင်ရန်

သမတမိန့်ခွန်းတွင် ဥပဒေစိုးမိုးရေး၊ တရားမျှတမှုရှိရေး၊ ကောင်းမွန်သော အစိုးရဖြစ်ရေးစသည်ဖြင့် တိုင်းပြည်သို့ ကတိစကားပြောဆိုသွားခဲ့သည်မှာ အနာဂါတ်အတွက် ပြည်သူလူထုကို အလွန်အားတက်စေသည်ဟုယုံကြည်သည်။

သမတဦးသိန်းစိန်အနေဖြင့် အပြောနှင့်အလုပ်ကိုက်ညီရန်လိုအပ်ပါသည်။ သမတသည် တိုင်းပြည်၏တာဝန်အရှိဆုံးအကြီးအကဲဖြစ်သည့်အတွက် မိမိပြောဆိုမှုများကို ကတိသစ္စာရှိစွာဖြင့် အကောင်အထည်ဖော်မှသာလျှင် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ခံရမည်ဖြစ်သည်။

လက်ရှိတိုင်းပြည်တွင်း ဖြစ်ပွားနေသည့် ဥပဒေမဲ့လုပ်ရပ်တွေကို ကိုင်တွယ် ဖြေရှင်းရန်လိုအပ်ပါသည်၊ စစ်တပ်အပါအဝင် ရဲ မီးသတ် ကြံ့ဖွံ့တပ်လူမိုက်များ၏ လူထုအပေါ် ဥပဒေမဲ့ အနိုင်ကျင့်စော်ကားမှုတွေ၊ ဗိုလ်ချုပ်ကြီးများအားကိုးနှင့် လူထု၏ အိမ်ခြံမြေ လယ်ယာပိုင်ဆိုင်မှုများကို ဥပဒေမဲ့ အဓမ္မသိမ်းယူနေသော စီးပွားရေးလောဘသားများကို ဖမ်းဆီးပြီး ဥပဒေကြောင်းအရ တရားမျှတစွာ စီရင်ရေးစသည့်ဖြင့် များစွာသော အလားတူ ဥပဒေမဲ့ တရားလက်လွတ် လုပ်ရပ်များကို ချက်ချင်းရပ်ဆိုင်းရေးကြိုးပမ်းရန် သမတဦးသိန်းစိန်ကို ပြည်သူကိုယ်စား အားကိုးတကြီး သတိပေးလိုသည်။

သမတဦးသိန်းစိန်အနေဖြင့် အစိုးရကောင်းတရပ်ဖြစ်သည်ကို သက်သေပြလိုလျှင် ပထမဦးစွာ အပြစ်မဲ့ နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံးပြန်လည်လွှတ်ပေးရန် အဓိကအရေးကြီးဆုံးဖြစ်သည်၊ နိုင်ငံရေးအကျဉ်းသားများဆိုသည်မှာ တိုင်းပြည်အကျိုးအတွက် ဥပဒေဘောင်အတွင်းမှ တရားမျှတစွာ အမှန်တရားရှာဖွေနေသူများဖြစ်ကို ဦးသိန်းစိန်နားလည်ဖို့လိုသည်၊ အစိုးရကောင်း၏ ရန်သူများမဟုတ်ပေ။ အာဏာရှင်မှ ရန်သူများဟုယူဆကာ မတရားအမှုဆင်ပြီး မဆိုင်သည့် ဥပဒေပုဒ်မမျိုးစုံတပ်ကာ အနိုင်ကျင့်ချုပ်နှောင်ထားခြင်းခံရသူများဖြစ်သည်၊ ကောင်းမွန်သောအစိုးရသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် လိုသည်။

အရပ်သားအစိုးရဦးသိန်းစိန်အနေဖြင့် ဘောင်းဘီချွတ်ပြီး ပုဆိုးဝတ်သည့် စစ်အစိုးရသာဖြစ်သည်ဟု ဝေဖန်နေသူများကို သက်သေပြရန် အချိန်ရောက်ပြီဟုယူဆသည်။ သမတဦးသိန်းစိန်အနေဖြင့် မြန်မာလူထုသာမက ကမ္ဘာပြည်သူများ ပါ ချီးကျူးထောပနာပြုကြမည့် အလုပ်များကိုလုပ်ပြရန် အချိန်ကောင်း အခွင့်အခါကောင်းဖြစ်သည်ဟု ယူဆသည်။ ကောင်းမွန်သောအစိုးရတရပ်အဖြစ်လိုလားသော ဦးသိန်းစိန်မှ သန်း ၅၀ သောပြည်သူလူထုကောင်းစားရေးအတွက်တိကျပြတ်သားစွာ လုပ်ဆောင်နိုင်မည်ဆိုပါက လူသာစု နတ်သာစုခေါ်ဆိုမည်မှာ အသေအချာဖြစ်သည်။ ဦးသိန်းစိန်မှ အရောင်အသွေးကင်းကြောင်း သံသယဝင်နေသူများကို မိမိလုပ်ဆောင်ချက်များဖြင့် ရဲရဲဝံ့ဝံ့သက်သေပြရန် အချိန်ရောက်နေပြီဖြစ်ပါကြောင်း။

# စာနယ်ဇင်းသတင်းသမားများ နိုင်ငံရေးအကျဉ်းသားများအတွက် ငွေလှူဒါန်း

**Irrawaddy ၊ ဧပြီ ၂၈ ။** ။ ပြည်တွင်းစာနယ်ဇင်း သတင်းသမား ၂၀ခန့်စုပေါင်းပြီး ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သို့ ယနေ့သွားရောက်၍ ကျပ်၂ သိန်း လှူဒါန်းကြောင်းသိရသည်။

နိုင်ငံရေးအကျဉ်းသားများအနေဖြင့် ထောင်တွင်းစားဝတ်နေရေးအခက်အခဲများရှိသည့်အပြင် မိသားစုများအနေဖြင့်လည်း ပြင်ပ၌ စီးပွားရေး လူမှုရေး ဒုက္ခများကိုရင်ဆိုင်နေရသည့်အတွက် စာနယ်ဇင်းသတင်းထောက်များစုပေါင်းပြီး လှူဒါန်းခြင်းဖြစ်သည်ဟု အလွတ် သတင်းထောက်တဦးဖြစ်သူ ကိုမြင့်ကျော်က ဧရာဝတီသို့ ပြောသည်။

"ငွေကတော့ အားလုံးအတွက် လုံလောက်ချင်မှ လုံလောက်မယ်၊ ဒါပေမယ့် ထောင်ဝင်စာတွေ့ဖို့အခက်အခဲရှိနေတဲ့မိသားစုတွေအတွက် ကျနော်တို့လုပ်အားနဲ့ တတ်နိုင်သမျှကူညီတာပါ"ဟု ကိုမြင့်ကျော်ကဆိုသည်။

စာနယ်ဇင်းသမားများအနေဖြင့် နိုင်ငံရေးအကျဉ်းသားများအား ယခုကဲ့သို့ကူညီခြင်းမှာ လူသားချင်းစာနာသည့်အနေဖြင့် ကူညီခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးလှုပ်ရှားမှု တခုမဟုတ်ကြောင်း၊ လူမှုအဖွဲ့အစည်းအတွင်း နိုင်ငံရေးအကျဉ်းသားများကို မကူညီရဲသည့် စိတ်ဓာတ်များပပျောက်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို မြင့်ကျော်က ဆက်လက်ရှင်းပြသည်။

ယခုလှူဒါန်းခြင်းကို ကိုမြင့်ကျော်၊ သာလွန်ဇောင်းထက် စသည့် စာနယ်ဇင်းသမားများက ကမကထပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စာနယ်ဇင်းသမားများအနေဖြင့် ယခုအချိန်တွင် နိုင်ငံရေး အကျဉ်းသားများလွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားများကူညီရေးအတွက် အားလုံးနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်လက် လှူဒါန်းသွားမည်ဖြစ်သည်ဟုလည်း ကိုမြင့်ကျော်ကပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းက စာပေနှင့်စာနယ်ဇင်းလောကတွင်ထင်ရှားသည့် စာရေးဆရာကြီးများဖြစ်သော ဆရာကြီးဒဂုန်တာရာ၊သတင်းစာဆရာကြီးဦးဝင်းတင်၊ ဆရာလူထုစိန်ဝင်း၊ ဦးသာဘန်း၊ ဆရာဇော်ဇော်အောင်၊ မောင်မိုးသူ၊ ထက်မြက်၊ ပြည်သွေးနိုင်၊ ကဗျာဆရာအောင်ဘညို၊ ငြိမ်းသစ်၊ ယမုံ၊ ညွန့်သစ်၊ မောင်ဒေါင်း၊ ဂီ တပညာရှင် မဖျိုမလှိုင်းကိုရဲလွင်စသည့် နိုင်ငံရေးနှင့်စာပေအနုပညာနယ်ပယ်မှ လူပေါင်း ၃၂၄ ဦး စုပေါင်းလက်မှတ်ထိုးပြီး သမ္မတဦးသိန်းစိန် ထံသို့ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် စာ ရေးတောင်းဆိုခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများတွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေသူများပြားသည့်အတွက် မိသားစုများခံစားနေရသည့်ဒုက္ခကြီးမားသည့်အပြင် ၎င်းတို့၏လုပ်ကိုင်နိုင်သည့် စွမ်းရည်များအားလုံးဆုံးရှုံးနေရသည့်အတွက် တိုင်းပြည်အတွက်နစ်နာကြောင်း၊ ထို့ကြောင့် အမြန်ဆုံးလွတ်မြောက်သင့်သည်ဟု ယုံကြည်ကြောင်း သတင်းထောက်ကိုမြင့်ကျော်ကဆိုသည်။

နိုင်ငံရေးအကျဉ်းသားများအကူအညီပေးရေးနှင့် ပတ်သက်၍ NLD သည် ပြည်နယ်နှင့်တိုင်းအလိုက်လည်းကောင်း၊ မြို့နယ်များအလိုက်လည်းကောင်း တာဝန်ယူဆောင်ရွက်နေသည်။

# ဒီမိုကရေစီကို အထောက်အကူဖြစ်စေမယ့် ဆုံးဖြတ်မှုမျိုးလုပ်ဖို့ အီးယူကို ပြောဆို

**RFA | ဧပြီ ၂၈ ။** ။ EU ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်တခုခု ချမှတ်ဆောင်ရွက်မယ်ဆိုရင် မြန်မာပြည်သူတွေရဲ့ဒီမိုကရေစီရေးကိုအထောက်အကူဖြစ်စေမဲ့ကိစ္စမျိုးကို စဉ်းစားဆုံးဖြတ်စေလိုတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးက EU ဥရောပသမဂ္ဂအဖွဲ့ဝင် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးကို ဧပြီ ၂၈ ရက် ဒီကနေ့ပြောကြားလိုက်ပါတယ်။

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့အခြေစိုက် ဆွစ်ဇာလန် သံအမတ်ကြီး ခရစ္စတိုဖာ ဘာဂါနာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးကို ရန်ကုန်မြို့က NLD ရုံးချုပ်မှာ နေ့လည် ၃ နာ ရီကသွားရောက်တွေ့ဆုံခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ လက်ရှိအစိုးရ သစ်အောက်မှာ NLD ရပ်တည်နေရတဲ့အခြေအနေနဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို ဆွစ်ဇာလန်သံအမတ်ကြီးက မေးမြန်းခဲ့ပြီး လိုအပ်သလိုအကူအညီပေးဖို့လည်း ကမ်းလှမ်းခဲ့တယ်လို့ သိရပါ တယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးက RFA ကို အခုလိုပြောပါတယ်။

## ဧရာဝတီတိုင်း ဘိုကလေးမှာ ကုက္ကိုလ်စိုက်ဖို့ပြင်ဆင်

**RFA | ဧပြီ ၂၆ ။** ။ ဧရာဝတီတိုင်း ဘိုကလေးဒေသမှာ သဘာဝဘေးဒဏ်နဲ့ရာသီဥတုဒဏ်တွေကြောင့် သစ်တောတွေပြုန်းတီး ပျက်စီးကုန်တဲ့အတွက် ဒေသတွင်းစိမ်းလန်းစိုပြေစေဖို့ရည်ရွယ်ပြီး ကုက္ကိုလ်ပင်တွေစိုက်ပျိုးဖို့စီစဉ်နေတယ်လို့သိရပါတယ်။

ဒီအစီအစဉ်ကို ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မတူကွဲပြားခြင်းနဲ့ ငြိမ်းချမ်းရေးပါတီအဖွဲ့ဝင်တွေက လှုပ်ရှားဆောင်ရွက်နေကြတာဖြစ်ပါတယ်။

သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ဆိုးကျိုးတွေကို ကာကွယ်နိုင်ဖို့ ကူညီဆောင်ရွက်တဲ့အနေနဲ့ မိမိတို့အဖွဲ့ဝင်တွေက အခုလိုဆောင်ရွက်ကြတာဖြစ်ကြောင်း မတူကွဲပြားခြင်းနဲ့ ငြိမ်းချမ်းရေးပါတီအဖွဲ့ဝင်တဦးဖြစ်တဲ့ ဘိုကလေးမြို့က အငြိမ်းစားကျောင်း အုပ်ဆရာကြီးဦးလှမြင့်ကပြောပါတယ်။

"အခုကျွန်တော်တို့ဆီမှာ သစ်တောတွေကမရှိတော့ဘူးလေ။ သစ်တောတွေကကုန်ပြီ။ ချုံလောက်ပဲရှိတော့တယ်။ အဲဒါကြောင့်မို့ ကုက္ကိုလ်စေ့ရ၊ နောက် မဟော်ဂနီစေ့ရ၊ နောက် အခြား ရှား၊ ပိတောက်ပေါ့ဗျာ၊ ကျွန်တော်တို့ရေမြေနဲ့အံကိုက်တဲ့ဟာကိုကြည့်ပြီး စိုက်သွားမှာပဲ။ ကျွန်တော်တို့စိတ်ပူတယ်ပေါ့လေ၊ တနိုင်ငံလုံးအတွက် စိတ်ပူတယ်။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ သစ်ပင်တွေကသုံးသာ သုံးကြတယ်၊ အလေးထားပြီးစိုက်ဖို့သိပ်မဖြစ်သေးဘူး။ ဒီအစိုးရကတော့ သူ့ plan တော့လုပ်နေတာပေါ့လေ။ ဒါပေမဲ့ ဝိုင်းဝန်းကူညီတဲ့သဘောပါ၊ ကျွန်တော်တို့က တတ်နိုင်သလောက် ဝိုင်းဝန်းကူညီ မယ်လေ။"

မတူကွဲပြားခြင်းနဲ့ငြိမ်းချမ်းရေးပါတီက ဘိုကလေးမြို့နယ်အတွင်းက ကျေးရွာ ၅၆၂ ရွာစလုံးမှာ ကုက္ကိုလ်ပင်တွေနဲ့အခြား အရိပ်ရအပင်တွေ၊ ဒေသနဲ့စိုက်ပျိုးဖို့ သင့်တော်တဲ့ အပင်တွေကို စိုက်ပျိုးသွားမယ်လို့ဆိုပါတယ်။ သစ်ပင်စိုက်ပျိုးရေးအစီအစဉ်ကို ပြီးခဲ့တဲ့ နှစ်ထဲကစတင်ခဲ့တာဖြစ်ပေမဲ့ ဒီနှစ်မှာကျယ်ကျယ်ပြန့်ပြန့်ဆက်လက်လုပ်ဆောင်သွားဖို့ရည်ရွယ်ထားတယ်လို့သိရပါတယ်။

"သံအမတ်နဲ့က တော်တော် ၄၅ မိနစ်လောက်တော့ ကြာတယ်ဗျ။ အဲဒါတော့ ကျွန်တော်ရယ် ကိုဝင်းထိန်ရယ် နောက် ပြီးတော့ ကိုဟံသာမြင့်ရယ် သုံးယောက်ပေါ့ဗျာ။ တခုတော့ ပြောတယ်၊ ခင်ဗျားတို့ ဒီ အီးယူတို့ဘာတို့ လုပ်တဲ့အခါမှာတော့ကာ ကျွန်တော်တို့ ဒီမိုကရေစီအင်အားစုကို အားပေးမဲ့ ထောက်ခံနိုင်မဲ့ အကျိုးရှိစေမဲ့ သဘောတွေကိုပဲပြောကြပါ၊ လုပ်ကြပါ၊ ဒါပဲ ကျွန်တော် လေးလေးနက်နက်မှာချင်တယ်၊ ဒီလောက်ပါပဲ။"

"ကျန်တာတွေကတော့ ခင်ဗျားတို့ထုံးစံအတိုင်းပေါ့၊ ကျုပ်တို့နဲ့ ပတ်သက်လို့ စိတ်ဓာတ်ရေးရာအရ ဒါကတော့ ခင်ဗျားတို့ ထောက်ပံ့ကူညီ၊ ဒီလောက်ပါပဲ။ ကျွန်တော်တို့ ကိစ္စဝိစ္စအားလုံးက ကျုပ်တို့ အင်အားကျုပ်တို့ထဲမှာရှိတယ်၊ ကျုပ်တို့ဟာ ကျုပ်တို့ လုပ်မယ်၊ ဒါပဲ။"

အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်း အခြေအနေတွေအကြောင်းပြောဆိုကြတဲ့အခါမှာတော့ ခုချိန်ထိ ထူးခြားမှုတစုံတရာ မတွေ့ရသေးကြောင်း၊ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မပေးသေးတာက အဓိကဖြစ်ဖြစ်ကြောင်း ထောက်ပြခဲ့တယ်လို့ ဦးတင်ဦးကပြောပါတယ်။

ဆွစ်ဇာလန်သံအမတ်ကြီး ကမ်းလှမ်းခဲ့တဲ့ လူမှုရေးအကူအညီနဲ့ပတ်သက်ပြီးတော့လည်း ဒေါ်အောင်ဆန်းစုကြည်စီစဉ် နေတဲ့ မြန်မာ့လယ်သမားတွေအတွက် လိုအပ်နေတဲ့ မြေဩဇာဖြေဆေး ကူညီရေးကိစ္စ ပြောဆိုလိုက်တယ်လို့ ဦးတင်ဦးကပြောပါတယ်။

ဒီကနေ့နေ့ခင်းပိုင်းကလည်း ဒိန်းမတ်နိုင်ငံသံရုံးကနိုင်ငံရေးဆိုင်ရာအတွင်းဝန် Mads Bayer က ဦးတင်ဦး၊ ဦးဝင်းထိန်တို့ကို NLD ရုံးချုပ်ကို သွားရောက်တွေ့ဆုံခဲ့တယ်လို့သိရပါတယ်။

## ရှမ်းပြည်အရှေ့နဲ့တောင်ပိုင်းလေပြင်း ၇ ဦးသေဆုံး

**RFA | ဧပြီ ၂၆ ။** ။ ရှမ်းပြည်နယ်အရှေ့ပိုင်းနဲ့တောင်ပိုင်းမှာ မိုးသည်းထန်ပြီး လေပြင်းတွေကျရောက်လို့ သစ်ပင်တွေကျိုး အိမ်တွေပျက်စီးပြီး အနည်းဆုံး လူ ၇ ဦး သေဆုံးသွားတယ်လို့ သတင်းရရှိပါတယ်။

သံလွင်မြစ်အရှေ့ဖက်ခြမ်း မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့နယ်နဲ့ အသစ်တိုးချဲ့ထားတဲ့ မုန်းထားမြို့နယ်ခွဲတွေမှာ ပြီးခဲ့တဲ့ ဧပြီလ ၁၇ ရက်နေ့ကနေစပြီး ၃ ရက်ကြာ မုန်တိုင်းတိုက်ခဲ့တာလို့သိရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ RFA ရဲ့ ရှမ်းတိုင်းရင်းသားဘာသာ စီစဉ်ထုတ်လွှင့်သူ ကိုစိုင်းမိန်းက အခုလိုပြောပါတယ်။

နေရာအတော်များများမှာ မုန်တိုင်းကြောင့် သစ်ပင်နဲ့အိမ်များ ပြိုလဲပြီး လူတွေသေဆုံးရတဲ့အပြင် တောင်ပိုင်းကတချို့နေရာတွေမှာ မိုးသီးတွေကျလို့ သက်ကယ်မိုးတွေပေါက်ကုန်ပြီး နေစရာမရှိအောင် ဒုက္ခရောက်ကြရတယ်လို့ သူကပြောပါတယ်။

ပျက်စီးသွားတဲ့ လူနေအိမ်တွေထဲမှာ လားဟူ ပြည်သူ့စစ်ကနေ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းထားတဲ့ တပ်ဝင်းလည်း ပါတယ်လို့ဆိုပါတယ်။ အဲဒီနေရာတွေကို ပြီးခဲ့တဲ့ ဧပြီလ ၂၃ ရက်နေ့က ရွှေကြိုက်တိုင်းမှူး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပေမဲ့ ခုထိ အကူအညီပေးတာ မရှိသေးဘူးလို့ ကိုစိုင်းမိန်းကပြောပါတယ်။

# အယ်လီနာ ရုစဗဲ့ ဆု ဒေါ်အောင်ဆန်းစုကြည်ချီးမြှင့်ခံရ

**RFA ၊ ဧပြီ ၂၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ကမ္ဘာတဝှမ်းက ထူးချွန်ပြောင်မြောက်တဲ့ အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ အမျိုးသမီး ၄ ဦးအတွက် အယ်လီနာ ရုစဗဲ့ ဆုချီးမြှင့်ပွဲအခမ်းအနားကို အမေရိကန်ပြည်ထောင်စု ဟောလီးဝုဒ်က Beverly Hills ဟိုတယ်မှာ ဧပြီ ၂၆ ရက် အင်္ဂါနေ့ညက ကျင်းပခဲ့ပါတယ်။

ဒီအခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုကတဆင့် မိတ်ဆက်စကားပေးပို့ခဲ့တယ်လို့ ဆုချီးမြှင့်တဲ့အမျိုးသမီး အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းတခုဖြစ်တဲ့ Feminist Majority Foundation က Miss Susie Gilligan က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗီဒီယိုမိတ်ဆက်စကားကြောင့် ဆုပေးပွဲအခန်းထဲမှာရှိနေသူအားလုံးဟာ အထူးပဲစိတ်အား တက်ကြွခဲ့ကြရပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်က အယ်လီနာ ရုစဗဲ့ ရဲ့ ဆောင်ရွက်ချက်တွေအကြောင်း၊ ကျမတို့အားလုံးဆောင်ရွက်နေကြတဲ့ အမျိုးသမီးအခွင့်အရေးအတွက် ဆောင်ရွက်ချက်တွေဟာ အင်မတန် အရေးကြီးကြောင်း၊ တကမ္ဘာလုံး လိုက်ပါဆောင်ရွက်လာတဲ့အထိ ကြိုးပမ်းသွားဖို့လိုအပ်ကြောင်း တိုက်တွန်းအားပေး ပြောဆိုခဲ့တယ်လို့ Miss Galligan ပြောသွားတာပါ။

အမျိုးသမီးတွေရဲ့ တန်းတူညီမျှရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ထင်ရှားတဲ့ ၃၂ ယောက်မြောက် အမေရိကန်သမတ ဖရန်ကလင်ဒီ ရုစဗဲ့ ကတော် အယ်လီနာ ရုစဗဲ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကမ္ဘာ့အမျိုးသမီးအခွင့်အရေးဆိုင်ရာ အယ်လီနာရုစဗဲ့ ဆုကို နှစ်စဉ် ချီးမြှင့်လာခဲ့တာ အခု ၇ ကြိမ်မြောက်ပေးအပ်တာဖြစ်ပါတယ်။

ဒီနှစ်အတွက်ဆုရှင်တွေအဖြစ် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အယ်လီနာ ရုစဗဲ့ ဆု ချီးမြှင့်ခံခဲ့ရသူတွေကတော့ ဟေတီနိုင်ငံက အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုခေါင်းဆောင် ယော်လတ်ယန်တီ Yolette Jeanty ၊ အာဖဂန်နစ္စတန်နိုင်ငံက အမျိုးသမီးတွေအကြောင်း ပြောင်မြောက်စွာ ဖော်ထုတ်ရေးသားတင်ပြခဲ့သူ NPR သတင်းထောက် ရာနီးမွန်တိန်း Ranee Montagne နဲ့ အာဖဂန်အမျိုးသမီးများအတွက် အမျိုးသမီးများအဖွဲ့တည်ထောင်သူ စူနီတာ ဗစ်စ်ဝါနက် Sunita Viswanath တို့ဖြစ်ပါတယ်။

# လောင်းကစားဝိုင်းကို ရဲက စောင့်ပေး

**DVB ၊ ဧပြီလ ၂၇ ။** ။ ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့ဟာ ဒုစရိုက်မှုတွေကို နှိမ်နင်းရမယ့်အစား လာဘ်ငွေယူပြီး လောင်းကစားဝိုင်းတွေကို စောင့်ရှောက်ပေးနေပါတယ်။ ဒီပွဲတွေဟာ တရားဝင်မဟုတ်မှန်း သိပေမယ့် ရဲခွင့်ပြုချက်နဲ့ကျင်းပတာကို သိနေကြတာကြောင့် လောင်းကစားဝိုင်းတွေမှာ ပွဲဈေးတန်းတွေပါ စည်ကားနေပြီး လူထုအကြား အကျင့်စာရိတ္တပျက်ယွင်းလာနေတယ်လို့ နယ်မြေခံတွေက ပြောပါတယ်။

ဒိုက်ဦးမြို့နယ် အနောက်ဘက်ခြမ်းမှာရှိတဲ့ မအူရိုးကျေးရွာရဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့အိမ်ဝိုင်းထဲမှာ သိန်းရာချီလောင်းကြေးထပ်တဲ့ ကြက်ပွဲနဲ့ပွဲဈေးတန်းကိုတွေ့ခဲ့တယ်လို့ မြင်တွေ့ခဲ့ရသူတဦးက ပြောပါတယ်။

"ဒိုက်ဦးနောက်ဘက် မအူကြိုးရွာမှာ ပွဲကြီးပွဲကောင်းက ကိုယ်သွားတာနဲ့သွားကြုံလိုက်တယ်။ ရွာသူကြီး ဦးဖြိုးအိမ်ခြံဝင်းထဲမှာ တပွဲကို သိန်း၁၀၀–၁၁၀ ထိပေါက်တယ်။ ရန်ကုန်က ကြက်သမားနဲ့ တခြားတနေရာကကြက်သမားနဲ့ ချိန်းချ ကြတာ။ အဲဒီနေရာမှာ တရွာလုံးက ဈေးတန်းနဲ့ မုန့်ဆိုင်တွေဘာတွေနဲ့ အကုန်လုံးပွဲဈေးတန်းလိုဖြစ်နေတယ်။ ကိုယ်တိုင်မြင်လိုက်တာ။ ကျန်တာတွေတော့ ရွာပေါက်စေ့ပဲ။ သတင်းတွေ အကုန်ကြားနေရတာ ပွဲတွေကအစုံပဲ။"

အဲဒီကြက်ပွဲလွတ်လွပ်လပ်လပ်လုပ်နိုင်အောင် ရဲကို လာဘ်ငွေသိန်းချီ ထိုးခဲ့လို့ ရဲကိုယ်တိုင် စောင့်ရှောက်ပေးနေတာ တွေ့ရတယ်လို့ဆိုပါတယ်။

"ရဲတိုင်ရင်ဒီပွဲတွေက ဘာဖြစ်နိုင်လဲမေးတော့ တိုင်လည်း ဘာမှမဖြစ်ဘူးတဲ့။ စခန်းမှူးတို့ဘာတို့ကို ဆယ်ဂဏန်းတွေ ပေးထားတာတဲ့။ သူ့တပည့်တပ်သားတွေက ဟိုယောင်ဒီယောင်နဲ့လာရပ်ပေးနေတာပေ့ါ။ ဝိုင်းထဲမှာတော့ မဟုတ်ဘူး။ ကျနော်က ဝိုင်းကိုဖမ်းနေတယ် အောက်မေ့တာ။ မဟုတ်ဘူးတဲ့ စောင့်ရှောက်ပေးနေတာလို့ ပြောတယ်။"

အဲဒီကြက်ပွဲမျိုးအလားတူ ဒိုက်ဦးမြို့နယ်ထဲမှာ ချိန်းဆိုတဲ့ ကြက်ပွဲတွေ၊ ဖဲဝိုင်းတွေ အနှံ့ဖြစ်နေပြီး အထူးသဖြင့် ပဲပေါ်လို့ တောင်သူတွေ ငွေရှင်ချိန်တွေမှာ ပွဲကြီးပွဲကောင်း ချိန်းဆို လောင်းကစားလေ့ရှိကြတယ်လို့ သူက ပြောပါတယ်။ ဒိုက်ဦးမြို့နယ်ရဲဟာ နှစ်ပေါင်းလေးဆယ်ကျော် နေအိမ်တွင်း ပိတ်လှောင်ခိုင်းစေခံရတဲ့ အမှုကိစ္စမှာလည်း ခိုင်းခံရတဲ့မိသားစုဘက်က ကြေအေးဖို့ဖိအားပေး လက်မှတ်ထိုးခိုင်းခဲ့ပြီး အရေးယူရမယ့် တာဝန်ပျက်ယွင်းခဲ့ပါတယ်။ အစိုးရသစ်ခေါင်းဆောင် သမ္မတဦးသိန်းစိန်ကတော့ လာဘ်ပေးလာဘ်ယူနှိမ်နင်းမယ်လို့ မိန့်ခွန်းမှာ ကတိပေးထားပါတယ်။

# အာဏာမရှိသူတွေလည်း စွမ်းအားရှိတယ်

**BBC ၊ ဧပြီ ၂၆ ။** ။ အမှန်တရားအပေါ်မှာရပ်တည်ရှင်သန်ပြီး ကိုယ်လုပ်တဲ့အလုပ်အပေါ် လိပ်ပြာသန့်နိုင်တယ်ဆိုရင် အာဏာမရှိတဲ့သူတွေမှာလည်း စွမ်းအားရှိတယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ ပါရှန်ရုပ်မြင်သံကြားနဲ့ဆက်သွယ်မေးမြန်းခန်းမှာ ပြောပါတယ်။

ဒီမိုကရေစီနဲ့ပတ်သက်ပြီး ဝေဖန်ပြောကြားမှုတွေရှိနေတာကို လည်း သူကအခုလိုအဓိပ္ပါယ်ဖွင့်ဆိုသုံးသပ်ပြောဆိုပါတယ်။ ဒီမိုကရေစီဆိုတာ အစိုးရဖွဲ့စည်းအုပ်ချုပ်တဲ့စနစ် ပုံးစံတခုသာဖြစ်တယ်၊ ကိုယ့်နိုင်ငံရဲ့လိုအပ်ချက်ကိုလိုက်ပြီး အဲဒီပုံစံကိုသင့်တော်သလို ညှိနှိုင်းယူလို့ရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

လွတ်လပ်မှုရှိဖို့နဲ့ တရားစီရင်ရေးဆိုင်ရာလိုမျိုး အဖွဲ့အစည်းတချို့ အမိုအခိုကင်းစွာ ရပ်တည်နိုင်မှုတွေဟာ ဒီမိုကရေစီရဲ့အခြေခံလိုအပ်ချက်ဖြစ်တယ်လို့လည်း ထောက်ပြပါတယ်။ ဒီမိုကရေစီကျင့်သုံးဖို့အတွက် ကိုယ့်ယဉ်ကျေးမှုကို စွန့်လွှတ်စရာမလိုဘူး။ ဒီမိုကရေစီကိုတကယ်လက်ခံမယ်ဆိုရင် လူတွေရဲ့လွတ်လပ်ခွင့်နဲ့လုံခြုံမှုကို အာမခံနိုင်ရပါမယ်။ အဲဒီလိုအာမ မခံဘဲ ကိုယ့်ယဉ်ကျေးမှုနဲ့မကိုက်ညီဘူးလို့ ပြောနေတာဟာ ဆင်ခြေပေးနေတာသက်သက်ဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်ပြောကြားလိုက်ပါတယ်။

တခါ အရှေ့အလယ်ပိုင်းဒေသက လူထုလှုပ်ရှားမှုတွေနဲ့ပတ်သက်လို့လည်း လူသားချင်းအတူတူဖြစ်တဲ့အတွက် သူတို့နဲ့အတူ တစိတ်တဝမ်းထဲရှိတယ်လို့ဆိုခဲ့ပါတယ်။

"ကျမပြောချင်တာက ရိုးရိုးလေးပါ၊ ကျမတို့ဟာ ကမ္ဘာတခုတည်းမှာနေကြတယ်၊ လူသားမျိုးနွယ်အချင်းချင်းဖြစ်တယ်။ ကမ္ဘာ့ဘယ်နေရာမှာဘဲဖြစ်ဖြစ် လွတ်လပ်မှုအတွက် လှုပ်ရှားနေကြသူတွေဘက်က ရပ်တည်ပါတယ်။" လို့ ဒေါ်အောင်ဆန်းစုကြည်က ပါရှန်ရုပ်မြင်သံကြားနဲ့ဆက်သွယ်မေးမြန်းခန်းမှာပြောခဲ့ပါတယ်။

# ဦးသိန်းစိန်ထံ လက်မှတ်ရေးထိုးလှုပ်ရှားမှု ဒဂုန်တာရာနှင့်လူထုဦးစိန်ဝင်းတို့ပါဝင်

**Mizzima ၊ ဧပြီ ၂၉ ။** ။ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန် သမ္မတဦးသိန်းစိန်ထံတောင်းဆိုနေသည့် လက်မှတ်ရေးထိုးလှုပ်ရှားမှုတွင် စာရေးဆရာကြီးဒဂုန်တာရာနှင့် သတင်းစာဆရာကြီးလူထုစိန်ဝင်းလည်း ပါဝင်ရေးထိုးထားကြောင်းသိရသည်။

"သတင်းထောက်တွေ တော်တော်များများလက်မှတ်ရေးထိုးကြပါတယ်။ သတင်းအယ်ဒီတာတယောက်ရယ်၊ သတင်း ထောက်တွေ လက်မှတ်ရေးထိုးကြပါတယ်။ ဆရာဒဂုန်တာရာတို့၊ လူထုဦးစိန်ဝင်းတို့ ဒီလိုမျိုးလူတွေလည်း ပါပါတယ်" ဟု လက်မှတ်ရေးထိုးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်သူတဦးဖြစ်သူ ဦးဖြိုးမင်းသိန်းက မဇ္ဈိမကိုပြောသည်။

သခင်သိန်းဖေ၊ သခင်ချန်ထွန်း၊ သခင်သိန်းမောင်၊ ဦးအုန်းမောင်နှင့်ဦးမြင့်သိန်းကဲ့သို့ ဝါရင့်နိုင်ငံရေးသမားများအပြင် သတင်းမီဒီယာသမား ၂၀ ခန့် ရုပ်ရှင်ဒါရိုက်တာအချို့နှင့် အနုပညာသမားများလည်း ပါဝင်သည်ဟု သူကဆိုသည်။

ဧပြီလ ၁၇ ရက်နေ့မှစ၍ ကောက်ခံခဲ့သောလက်မှတ်များမှာ သောကြာနေ့တွင် တသောင်းကျော်ရရှိပြီဖြစ်သည်။

"ရန်ကုန်၊ အုတ်ဖို၊ ပဲခူးရဲ့ဒီဘက်နားလေးလောက်ပဲ ရှိပါသေးတယ်။နယ်တွေကသိပ်မပါသေးပါဘူး။မြို့နယ်တွေမှာကလက်မှတ်ရေးထိုးထားတာတွေကို ပေးအပ်ပွဲတွေလုပ်ပြီးမှ ရန်ကုန်ကိုလှမ်းပို့မှာပါ။ မနက်ဖြန်ဆိုရင် မြောက်ဥက္ကလာမှာတောင် လက်မှတ်ထိုးထားတာကို ပေးအပ်ဖို့အစီအစဉ်ရှိတယ်လေ" ဟု ဦးဖြိုးမင်းသိန်းကဆိုသည်။

ဧပြီလ ၂၅ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သို့ ပထမအကြိမ်အဖြစ် ရန်ကုန်မြို့ပေါ်မှ လက်မှတ် ၄၀၈ ခုပေးပို့ခဲ့ကာ ထပ်မံကောက်ခံရရှိသမျှကို နောက်ဆက်တွဲအဖြစ် တပတ်လျှင်တကြိမ်ပေးပို့သွားမည်ဖြစ်သည်။ မေ ၂ ရက်နေ့တွင် ဒုအသုတ်အဖြစ်ပေးပို့သွားမည်။

၂၀၁၀ ရွေးကောက်ပွဲ ရွေးကောက်ခံအမတ်များအနေဖြင့်ပါဝင်လက်မှတ်ရေးထိုးမှုမရှိသေးပေ။ ၎င်းတို့၏ပါတီများကို လက်မှတ်ရေးထိုးရန်သွားရောက်ချဉ်းကပ်ရာ၌ နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေးအတွက် သီးခြားအနေဖြင့် သမ္မတထံတိုက်ရိုက် ပေးပို့ထားကြောင်း ခေါင်းဆောင်ပိုင်းကပြောဆိုခဲ့ကြသည်ဟု လက်မှတ်ကောက်ခံသူများအဆိုအရသိရသည်။

"တဖြည်းဖြည်းချင်း အရှိန်အဟုန်မြှင့်နိုင်ဖို့ကြိုးစားနေတာပါ။ အစပိုင်းမှာ အများကြီးလျှောက်ပြောပြီး လက်တွေ့မှာမပါတာမျိုးမဟုတ်ဘဲနဲ့ တဖြည်းဖြည်းချင်းသိန်းနဲ့ချီပြီးမြင့်တက်လာနိုင်ဖို့ ကြိုးစားနေတာပါ" ဟု ဦးဖြိုးမင်းသိန်းကဆိုသည်။

မကွေးတိုင်း တောင်တွင်းကြီးမြို့ရှိ ကျူရှင်ဆရာများကို နိုင်ငံရေးလုပ်ငန်းများ၌မပါဝင်ရန် မြို့နယ်အာဏာပိုင်များက မကြာခင်ကခေါ်ယူတားမြစ်ခဲ့ဖူးသော်လည်း အခြားသောအနှောင့်အယှက်မျိုး မရှိသေးကြောင်းသိရသည်။

လက်မှတ်များနှင့်တကွပေးပို့သည့် ပန်ကြားလွှာထဲ၌ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ပထမခြေလှမ်းအဖြစ် နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးရန်၊ ပြည်ပရောက်မြန်မာနိုင်ငံသားများနေရပ်ပြန်လာနိုင်ရန်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်ရပ်ပြီးတွေ့ဆုံဆွေးနွေးရန်တောင်းဆိုထားသည်။ ဤလက်မှတ်ရေးထိုးလှုပ်ရှားမှုကို နိုင်ငံတကာတွင်လည်း ပြုလုပ်မှုများရှိနေသည်။

---

# ဂျပန်ကုန်သည်များအသင်းသို့ လက်ရှိမြန်မာနိုင်ငံအခြေအနေစာတစောင်ပေးအပ်

**RFA ၊ ဧပြီ ၂၆ ။** ။ မြန်မာနိုင်ငံမှာ အခုအချိန်ကာလဟာ စစ်အစိုးရကအရပ်သားအစိုးရအဖြစ်ပြောင်းလဲသွားပေမဲ့နိုင်ငံရေးအကျဉ်းသားတွေရှိနေဆဲ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေဆဲ စတဲ့အချက်အလက်တွေပါဝင်တဲ့စာတစောင်ကို ဂျပန်ကုန်သည်ကြီးများ အသင်းကို မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ဧပြီ ၂၆ ရက် ဒီကနေ့ပေးအပ်လိုက်တဲ့အပြင် လက်ကမ်းစာစောင်တွေကိုပါဝေငှခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး မြန်မာအစိုးရသစ်ရဲ့ ဂျပန်နိုင်ငံ သံအမတ်ကြီးဦးခင်မောင်တင့်က ဂျပန်ကုန်သည်ကြီးများအသင်းတိုက်မှာဟောပြောနေချိန်မှာ အခုလို လုပ်ခဲ့ကြတာလို့သိရပါတယ်။

ဒီအကြောင်းတွေကို ဂျပန်ကုန်သည်ကြီးများအသင်းတိုက်မှာ စာသွားပေးအပ်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ NDB မြန်မာနိုင်ငံဒီမိုကရေစီကွန်ရက် -ဂျပန် က ကိုဘုန်းလှိုင်ကအခုလိုပြောပြပါတယ်။

"သူတို့လည်း ကျွန်တော်တို့ရှင်းပြတဲ့အခါ သူတို့လည်း နားလည်တဲ့အကြောင်းပြောပြပါတယ်။ သူတို့ဖက်ကပြောတာ ပေါ့နော်၊ ဗမာတွေလောက်နားမလည်တဲ့အတွက်ကြောင့်မို့ ခုလိုလာပြီးရှင်းပြပေးတာကျေးဇူးတင်တဲ့အကြောင်းပြောပြတယ်။ ကျွန်တော်တို့ကပြောတာ စစ်အစိုးရက အရင်မျက်နှာစာမှာ ရှေ့ထွက်နေရာကနေပြီးတော့ နောက်ကိုဆင်းထိုင်တာပဲရှိတာလို့။ သူတို့ တကယ်တမ်းအနားယူသွားတာမဟုတ်ဖူးဆိုတဲ့အကြောင်း ပြောပြတယ်လေ။ သူတို့ကတော့ အရပ်သားအစိုးရတက်လာတယ်ဆိုတော့ ပြောင်းသွားပြီလို့ထင်တယ်ပေါ့။ သူတို့ကလည်း diplomacy အရပြောတယ်လို့ထင်တာပေါ့နော်။"

NDB အဖွဲ့ဝင်တွေသွားရောက်ကြတဲ့ ဂျပန်ကုန်သည်ကြီးများအသင်းတိုက်ရှေ့မှာ ဆိုင်းဘုတ်နှစ်ခုကိုပါကိုင်ဆောင်ထားတာနဲ့ ပတ်သက်လို့လည်း ကိုဘုန်းလှိုင်ကပဲရှင်းပြသွားပါတယ်။

"စာတမ်းကိုင်တာကနှစ်မျိုးကျွန်တော်တို့ကိုင်တယ်။မြန်မာပြည်မှာစီးပွားရေးသွားလုပ်မယ်ဆိုရင် သေသေချာချာ လေ့လာ ပြီးမှလုပ်ဖို့ဆိုတဲ့စာတမ်းရယ်၊ နောက်တခါ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ နိုင်ငံရေးအကျဉ်းသားတွေမလွှတ်ပေးတာတွေ၊ တိုင်းရင်းသားဒေသတွေမှာ ထိုးစစ်ဆင်နေတာတွေ၊ ဒါတွေကို အစိုးရအပြောင်းအလဲဖြစ်တယ်လို့ သူတို့က ပြောနေပေမဲ့ ကမ္ဘာမှာပြနေပေမဲ့ တကယ်တမ်းဘာမှပြောင်းလဲမှုမရှိဘူး၊ အဲဒါကြောင့် ရင်းနှီးမြှုပ်နှံမှုမလုပ်ပါနဲ့ဆိုတဲ့စာတမ်း၊ အဲဒီနှစ်မျိုး ကျွန်တော်တို့ကိုင်တယ်ပေါ့နော်။ ဂျပန်လိုကိုင်တာပေါ့။ "

ဒါ့ပြင် NDB အဖွဲ့ဝင် ကိုကျော်ကျော်စိုးကလည်း NLD ဗဟိုကထုတ်ပြန်ထားတဲ့ စီးပွားရေးသုံးသပ်ချက်နဲ့ Switzerland နိုင်ငံ Davos မြို့က နိုင်ငံတကာစီးပွားရေးညီလာခံကို ဒေါ်အောင်ဆန်းစုကြည် ပေးပို့လိုက်တဲ့သဝဏ်လွှာကိုလည်း ဂျပန်ကုန်သည်ကြီးများအသင်းကလေ့လာနိုင်အောင်ပေးခဲ့သေးတယ်လို့ပါ ဖြည့်စွက်ပြောကြားသွားပါတယ်။

# မြန်မာဒုက္ခသည် ပြန်ပို့ရေး အချိန်မတန်သေးဟု အမေရိကန်ပြောဆို

**VOA ၊ ဧပြီ ၂၅ ။** ။ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသား ဒုက္ခသည်တွေကို နေရပ်ပြန်ပို့ရမယ့်အချိန် မရောက်သေးဘူးလို့ အမေရိကန်ပြည်ထောင်စုက ယူဆထားတဲ့အတွက် ဒီဒုက္ခသည်တွေကို အကူအညီပေးရေး ထိုင်းအစိုးရနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေလုပ်နေတယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာန အရာရှိတဦးက ဗွီအိုအေကို ပြောပါတယ်။ ဒီဒုက္ခ သည်တွေ နေရပ်ကို ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရေး အခြေအနေအချိန်အခါ လိုအပ်ချက်တွေကိုလည်း သူက ထောက်ပြပါတယ်။အပြည့်အစုံကို တွေ့ဆုံမေးမြန်းခဲ့တဲ့ ကိုသားညွန့်ဦးကတင်ပြပေးထားပါတယ်။

ထိုင်းနိုင်ငံအနေနဲ့မြန်မာဒုက္ခသည်တွေကိုပြန်ပို့ဖို့စီစဉ်နေတယ်ဆိုတဲ့ သတင်းတွေ ထွက်လာချိန်မှာပဲ အခုအချိန်ဟာ မြန်မာနိုင်ငံက ဒုက္ခသည်တွေ နေရပ်ပြန်ပို့ရမယ့်အချိန် မတိုင်သေး ဘူးလို့ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ ရွှေ့ပြောင်းနေထိုင်သူများနဲ့ ဒုက္ခသည်များဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အဲရစ် ရှွာ့ဇ် (Eric Schwartz) က ဗွီအိုအေနဲ့ သီးခြားတွေ့ဆုံမေးမြန်းစဉ်မှာ ပြောသွားတာပါ။

ထိုင်းနိုင်ငံအနေနဲ့မြန်မာဒုက္ခသည်တွေကိုပြန်ပို့ဖို့စီစဉ်နေတယ်ဆိုပြီး တလောကပဲ ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ အကြီးအကဲက ပြောသွားတာမို့ အခြေအနေက ဒုက္ခသည်တွေအတွက် စိုးရိမ်စရာဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီကိစ္စကို အမေရိကန်ပြည်ထောင်စုအနေနဲ့ ထိုင်းအာဏာပိုင်တွေနဲ့ နီးနီးကပ်ကပ် ညှိနှိုင်းတိုင်ပင်မှုတွေ လုပ်နေတယ်လို့ မစ္စတာအဲရစ်ရှွာ့ဇ်က ဗွီအိုအေ မြန်မာပိုင်းကို ပြောပါတယ်။

"မြန်မာဒုက္ခသည်တွေကို မြန်မာပြည်ကို ပြန်ပို့ရမယ့် အချိန်ကာလ မရောက်သေးပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့လည်း ထိုင်းအစိုးရနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ဆက်လုပ်နေပါတယ်။ထိုင်းနိုင်ငံရဲ့ အရပ်ဘက်နဲ့ စစ်ဘက် အာဏာပိုင်နှစ်ရပ်စလုံးကလည်း မြန်မာပြည်မှာ အခုပြောင်းလဲပါတယ်ဆိုတဲ့ အခြေအနေကနေ ဒီထက်ထင်ရှားသိသာတဲ့ ပြောင်းလဲမှုမျိုးတွေ မဖြစ်မချင်းတော့ ဒီလူတွေကို အတင်းအကျပ် ပြန်ပို့တာမျိုး မလုပ်သင့်ဘူးဆိုတာ နားလည်လိမ့်မယ်ထင်ပါတယ်။ ဒါကြောင့် မြန်မာဒုက္ခသည်တွေကိစ္စအတွက် အမေရိကန်ပြည်ထောင်စုအနေနဲ့ ထိုင်းအစိုးရ အပါအဝင် အခြားအစိုးရတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်နေပါတယ်။"

၂၀၁၀ ရွေးကောက်ပွဲရလဒ်နဲ့အညီ မြန်မာအစိုးရသစ် ဖွဲ့စည်းပြီးတဲ့နောက် အိမ်နီးချင်းနိုင်ငံတွေ အကြားမှာ မြန်မာနိုင်ငံဟာအပြောင်းအလဲဘက်ကို တာစူနေပြီ၊ အချို့ကလည်း အပြောင်းအလဲ စတင်နေပြီလို့ မြင်ကြပါတယ်။ ဒါကြောင့်လည်း အခုလို ဒုက္ခသည်တွေ ပြန်ပို့ရေး ထိုင်းဘက်က စဉ်းစားလာတာလို့ယူဆရပါတယ်။ မစ္စတာ အဲရစ်ရှွာ့ဇ်ကတော့ အပြောင်းအလဲဆိုတာကို ရွေးကောက်ပွဲကို ကြည့်ပြီး သတ်မှတ်လို့ မရဘူးလို့ ပြောပါတယ်။

"ရွေးကောက်ပွဲနဲ့ အစိုးရသစ် ဖြစ်လာတာတွေကြောင့် မြန်မာနိုင်ငံထဲမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေရှိတယ်လို့ မပြောနိုင်ပါဘူး။ ပြောင်းလဲတယ်ဆိုတာအတွက် သိသာထင်ရှားတဲ့အထောက်အထား၊ အချက်အလက်တွေ အခြေအနေတွေ ရှိဖို့လိုပါတယ်။

"မြန်မာနိုင်ငံသားတွေ အနေနဲ့ သူတို့အမြင် သဘောထားတွေကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိပြီလား၊ လွတ်လွတ်လပ်လပ်စုဝေးခွင့်ရှိရဲ့လား၊ သူတို့ရဲ့အမြင် အယူအဆတွေကို အာဏာပိုင်တွေသိအောင် ပြောနိုင်ဆိုနိုင်ရဲ့လား၊ ကြောက်ရွံ့မှုကင်းတဲ့အခြေအနေအောက်မှာ လွတ်လွတ်လပ်လပ်နေထိုင်ခွင့် ရှိရဲ့လား၊ ရွေးကောက်ပွဲလုပ်လုပ် မလုပ်လုပ်မဆိုင်ပါဘူး။ အခု ပြန်သွားမယ်ဆိုတဲ့ဒုက္ခသည်တွေဟာ သူတို့နိုင်ငံမှာ ဒီလိုအခွင့်အရေးတွေနဲ့ နေထိုင်ခွင့် ရပ္ပါမလား ဆိုတာ မေးခွန်းရှိပါတယ်။"

ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာပဲ ထောင်နဲ့ချီတဲ့ ထိုင်း၊ မြန်မာနယ်စပ်က မြန်မာတိုင်းရင်းသား ဒုက္ခသည်တွေဟာ တတိယနိုင်ငံတွေကို ပြောင်းရွှေ့အခြေချခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုနောက်ပိုင်းမှာတော့ ထိုင်းအာဏာပိုင်တွေဘက်က တင်းကျပ်မှုအချို့ကြောင့် ဒီလိုပြောင်းရွှေ့အခြေချနိုင်ဖို့ အခက်အခဲတွေ ဖြစ်နေတယ်လို့ သိရပါတယ်။ ထိုင်းအာဏာပိုင်တွေဘက်က နောက်ပိုင်းရောက်တဲ့ ဒုက္ခသည် အများစုကို နိုင်ငံရေးဒုက္ခသည်အဖြစ် သတ်မှတ်ဖို့ ငြင်းဆန်နေပါတယ်။ ဒါကြောင့်လည်း ဒုက္ခသည် အများစုဟာ နယ်စပ်က စခန်းတွေမှာပဲချို့ချို့တဲ့တဲ့ နေနေကြရပါတယ်။ မစ္စတာ အဲရစ်ရှွာ့ဇ်ကတော့ ဒုက္ခသည်တွေ တတိယနိုင်ငံ ပြောင်းရွှေ့ရေးထက် မြန်မာနိုင်ငံမှာ အပြောင်းအလဲတကယ်ဖြစ်ပြီးဒုက္ခသည် တွေ နေရပ်ကို လုံလုံခြုံခြုံ ပြန်နိုင်ဖို့က တကယ့်အဖြေမှန်ဖြစ်တယ်လို့ ပြောပါတယ်။

"ဒုက္ခသည်အများစုအတွက် တတိယနိုင်ငံတွေကို အခြေချပြောင်းရွှေ့ နေထိုင်ခွင့်ရဖို့ဆိုတာ ဒုက္ခသည်ပြဿနာဖြေရှင်းရေးအတွက် အဖြေမဟုတ်ပါဘူး။ မဖြစ်မနေလိုအပ်ချက်ရှိတဲ့ လူအချို့အတွက်တော့ ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ကမ္ဘာမှာပဲဖြစ်ဖြစ်၊ မြန်မာကိစ္စပဲဖြစ်ဖြစ် ဒုက္ခသည်တွေ တတိယနိုင်ငံကို အခြေချပြောင်းရွှေ့ဖို့ဆိုတာ ဒါ အဖြေမဟုတ်ပါဘူး။ ဒီဒုက္ခသည်တွေအနေနဲ့ သူတို့နေရပ်ကို ဘေးကင်းလုံခြုံစွာ ပြန်နေရေး အခြေအနေအချိန်အခါဖြစ်လာဖို့ကိစ္စက အဓိကဖြစ်ပါတယ်။"

ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာဒုက္ခသည်တွေအနေနဲ့ ထိုင်းမှာ ယာယီခိုလှုံနေတုန်း နေထိုင်စားသောက်ရေးကိစ္စအဝဝအဆင်ပြေစေဖို့ အမေရိကန်ပြည်ထောင်စုအနေနဲ့ ထိုင်းနဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမယ်လို့လည်းပြောပါတယ်။ ဒီအတွက် အမေရိကန်ပြည်ထောင်စုအနေနဲ့ ဒေါ်လာသန်းနဲ့ချီ သုံးစွဲသွားဖို့ ပြင်ဆင်ထားတယ်လို့လည်းပြောပါတယ်။

တကယ်တော့ ထိုင်းနိုင်ငံက မြန်မာဒုက္ခသည်တွေကို လက်ခံခေါ်ယူတဲ့အထဲမှာ အမေရိကန်နိုင်ငံက ဒုက္ခသည် အရေအတွက်အများဆုံးခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ မြန်မာဒုက္ခသည်တွေကို ဒုက္ခသည်အဆင့် သတ်မှတ်ရေးကိစ္စမှာကုလသမဂ္ဂက ခွင့်ပြုတာမဟုတ်တော့ဘဲ၊ ကုလသမဂ္ဂကို ခွင့်မပေးတော့ဘဲ ထိုင်းအာဏာပိုင်တွေက တာဝန်ယူလာခဲ့တဲ့နောက် ဒုက္ခသည်တွေ တတိယနိုင်ငံ အခြေချနေထိုင်ဖို့ အခွင့်အလမ်းတွေ နည်းသွားခဲ့ပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ကလည်းကုလသမဂ္ဂရဲ့ဒုက္ခသည်များဆိုင်ရာ အခွင့်အရေးစာချုပ်ကို လက်မှတ်ထိုးတဲ့နိုင်ငံမဟုတ်ပါဘူး။ ဒါပေမဲ့လည်း နားလည်မှုသဘောနဲ့ ကုလသမဂ္ဂနဲ့ အခြားနိုင်ငံတွေရဲ့အကူအ

**စာမျက်နှာ ၇ သို့**

# သမတသစ်ဦးသိန်းစိန် သက်သေပြရန်လို

RFA

**အသံလွှင့်ဆောင်းပါး**

ဦးသိန်းစိန်ရဲ့ သမတသက်တမ်း တလနီးပါးရှိလာပြီဖြစ်ပေမယ့် အပြောနဲ့ကိုက်ညီတဲ့ လက်တွေ့လုပ်ဆောင်ချက်တွေ ဘာတခုမှမမြင်တွေ့ရသေးတဲ့အကြောင်း ဆောင်းပါးရှင် Larry Jagen က သုံးသပ်တင်ပြထားပါတယ်။

အရပ်သားအစိုးရအုပ်ချုပ်ရေးခေတ်ကို ရောက်ပြီလို့ ကြွေးဝါးထားတဲ့ သမတဦးသိန်းစိန်ရဲ့ အစိုးရအဖွဲ့ဟာ သံခင်းတမန်ခင်းထိုးစစ်သစ် စတင်ဆင်နွှဲနေပြီဖြစ်ပြီး ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌနေရာအတွက် လာမယ့်သတင်းပတ်အတွင်း ဂျာကာတာမြို့မှာကျင်းပမယ့် အာဆီယံထိပ်သီးညီလာခံကနေ အတည်ပြုချက်ရရှိဖို့မျှော်လင့်ထားပါတယ်။

ကောင်းတဲ့ဘက်ကကြည့်ရင် ဦးသိန်းစိန် ပါလီမန်နဲ့တိုင်းပြည်ကို ပြောကြားခဲ့တဲ့မိန့်ခွန်းဟာ မကြုံစဖူးစကားအသစ်အဆန်းတွေနဲ့ ဘာမှပြောစရာမရှိအောင်ကောင်းမွန်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကိုခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်သစ်ကြီးဆီ ပြောင်းလဲဖော်ဆောင်သွားမယ်ဆိုတဲ့ အပြောနဲ့ကိုက်ညီတဲ့လုပ်ဆောင်ချက်တွေကိုတော့ အခုထိဘာတခုမှလက်တွေ့မမြင်ရသေးပါဘူး။ အများစုကမျှော်လင့်ထားလို နိုင်ငံရေးအကျဉ်းသားတွေလည်း လွှတ်မပေးသေးပါဘူး။

သမတသစ်ဦးသိန်းစိန်အနေနဲ့ အပြောနဲ့အလုပ်ကိုက်ညီဖို့လိုပြီး အရင်စစ်အစိုးရရဲ့ ကြိုးစွဲခံနေရသူမဟုတ်ဘူးဆိုတာ သက်သေပြသနိုင်ဖို့လိုအပ်ပါတယ်။ အခုဆိုရင် အစိုးရသစ်လက်ထက် မြန်မာ့နိုင်ငံရေးမှာ ဘာအပြောင်းအလဲမှမရှိနိုင်ပါဘူးဆိုသူတွေနဲ့ အပြောင်းအလဲအတွက် လမ်းစတော့ရှိနေပြီလို့ ယုံကြည်မျှော်လင့်ထားသူတွေကြားမှာ အနာဂါတ်မြန်မာ့နိုင်ငံရေးဦးတည်ချက် အလားအလာနဲ့ပတ်သက်လို့ ငြင်းခုံမှုတွေပြင်း ထန်နေပါပြီ။

ဦးသိန်းစိန်ရဲ့ မိန့်ခွန်းဟာ စိတ်အားတက်ကြွမှုတွေဖြစ်စေခဲ့ပြီး ဦးနေဝင်းလက်ထက်ကစလို့ အရင်ခေါင်းဆောင်တွေတခါမှမပြခဲ့ဘူးတဲ့ အစိုးရရဲ့ အစီအစဉ်တွေပါဝင်ပါတယ်။ အတိုက်အခံ အဲန်အယ်လ်ဒီခေါင်းဆောင်တွေအကြားမှာ တိုးတိုးတိတ်တိတ်သဘောကျနေတယ်လို့တောင် သတင်းတွေထွက်ပေါ်နေပါတယ်။ ဦးသိန်းစိန်ရဲ့ မိန့်ခွန်းဟာ ဝန်ကြီးချုပ်ဟောင်းဗိုလ်ချုပ်ကြီးခင်ညွန့်ထက်တောင်မှ ပိုပြီးတော့ပွင့်လင်းမှုရှိပြီး နာမည်တပ်ပြီးသာ မပြောဆိုခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အယ်လ်ဒီကို အသိအမှတ်ပြုတယ်ဆိုတဲ့ သဘောထားမျိုးတွေပါဝင်ပါတယ်။

ဒီတော့ကာ ရှေ့ဆက်ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာက အရေးတကြီးကိစ္စဖြစ်လာပါတယ်။ အစိုးရသစ်အနေနဲ့နိုင်ငံတကာအသိအမှတ်ပြုမှုကိုခံယူချင်တယ်ဆိုတာ သံသယဖြစ်ဖွယ်မရှိပါဘူး။ ဒီအတော အတွင်း မြန်မာနိုင်ငံဆိုင်ရာအမေရိကန်အထူးကိုယ်စားလှယ်ဖြစ်လာမယ့် Mr. Derek Michell ဟာ အစိုးရသစ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကြားမှာ ပေါင်းကူးသဖွယ် ချဉ်းကပ်မှုအသစ်နဲ့ကြိုးပမ်းသွားမယ်လို့ ယူဆရပါတယ်။ အီးယူ - ဥရောပသမဂ္ဂကလည်း ဗီဇာတင်းကျပ်မှုတွေ ဖြေလျော့ခဲ့တာအပါအဝင် အစိုးရသစ်နဲ့ဆက်ဆံချင်စိတ်ရှိတယ်ဆိုတာ အရိပ်အမြွက်ပြသထားပါတယ်။

အစိုးရသစ်အနေနဲ့ အပြောင်းအလဲအတွက် ရိုးသားစိတ်ရှိကြောင်းနဲ့ ကတိအတိုင်းဆောင်ရွက်ဖို့ သံဓိဋ္ဌာန်ချမှတ်ထားကြောင်း သက်သေပြစရာအခွင့်အလမ်းတွေရှိနေပါတယ်။ ပထမအဆင့်လုပ်သင့်တာက နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ပါ။ ဒီလုပ်ရပ်ဟာ အစိုးရသစ်ရဲ့ ကောင်းမွန်တဲ့ဦးတည်ချက်ကို အရှင်းလင်းဆုံးဖော်ပြရာရောက်သလို နိုင်ငံတကာရဲ့ ကောင်းချီးသြဘာတွေကိုလည်း ခံစားရမှာဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ဆိုတဲ့ကိစ္စဟာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လက်မှတ်ရေးထိုးဆောင်ရွက်နေတဲ့ အဲန်အယ်လ်ဒီရဲ့ အရေးကြီးဆုံး ဦးစားပေးလုပ်ငန်းကြီးတခုလည်းဖြစ်ပါတယ်။

နောက်တဆင့်ကတော့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးဆိုင်ရာ ညီလာခံတရပ်ကို အစိုးရကခေါ်ယူကျင်းပပေးဖို့ပါ၊ အဲဒီညီလာခံကို အဲန်အယ်လ်ဒီကိုပါဖိတ်ကြားပြီး အားလုံးပါဝင်တက်ရောက်ဆွေးနွေးခွင့်ပေးဖို့ လိုအပ်ပါတယ်။ အဲန်အယ်လ်ဒီဘက်ကလည်း အပြုသဘောဆောင်တဲ့အခန်းက ပါဝင်ဖို့လိုပါတယ်။ အထူးသဖြင့် ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတွေ မြန်မာနိုင်ငံကိုလာရောက်ပြီး နိုင်ငံနဲ့ပြည်သူတွေအတွက် အကျိုးရှိစေမယ့် စီမံကိန်းကြီးတွေအတွက် ထောက်ပံ့ကူညီဖို့တောင်းဆိုသင့်ပါတယ်။ ဒီအတွက် တင်းကျပ်တဲ့လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းတွေလည်း သတ်မှတ်ပြဋ္ဌာန်းဖို့လိုပါတယ်။

စီးပွားရေးပိုင်းမှာလည်း နိုင်ငံခြားသားတွေရဲ့ ပိုင်ဆိုင်ခွင့်ဖန်တီးပေးတာအပါအဝင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွေကို ပြင်ဆင်ပြီးစီးပွားရေးလွတ်လပ်ခွင့်တွေဖွင့်ပေးဖို့လိုပါတယ်။ ဒ့ါအပြင်မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားကို ပြည်ဝင်ခွင့်အမြန်ဆုံးထုတ်ပေးပြီး အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကိုလည်း ဖိတ်ကြားဖို့လိုပါတယ်။ အလားတူ မြန်မာနိုင်ငံတွင်းက အဖြစ်အပျက်တွေကို မျက်မြင်ကိုယ်တွေ့ လေ့လာနိုင်အောင် နိုင်ငံခြားသတင်းထောက်တွေကို လာရောက်ခွင့်ပေးဖို့လို ပါတယ်။ ဒါမှသာ မြန်မာနိုင်ငံဟာ မြောက်ကိုရီးယားတို့ ဆီးရီးယားတို့ ဇင်ဘာဘွေတို့နဲ့မတူပါဘူးအမှန်တကယ်ပြောင်းလဲနေပါပြီဆိုတာ ပြသရာရောက်မှာပါ။

အဆိုးမြင်သမားတွေ မယုံကြည်သူတွေကို မှားယွင်းကြောင်း သက်သေပြနိုင်ဖို့ကတော့ ဦးသိန်းစိန်ရှေ့ဆက်မယ့် ခြေလှမ်းပေါ်မူတည် နေပါတယ်လို့ ဆောင်းပါးရှင် Larry Jargen ကသုံးသပ်ထားပါတယ်။

★★★★★

**စာမျက်နှာ ၆ မှ**

ညီကိုယူပြီး ဒီဒုက္ခသည်တွေကို လက်ခံထားတာပါ။ တလောကပဲထိုင်းမှာရှိတဲ့အမေရိကန် သံအမတ်ကြီး Kristie Kenney ကလည်း မြန်မာဒုက္ခသည်စခန်းတွေအထိ သွားရောက်ကြည့်ရှုပြီး ဒုက္ခသည်တွေအတွက် အကူအညီအထောက်အပံ့တွေ ဆက်ပေးသွားမယ်လို့ကတိပြုခဲ့ပါတယ်။

# သမတဦးသိန်းစိန် မိန့်ခွန်းနဲ့အညီလုပ်ဆောင်ဖို့ အဖွဲ့ချုပ် စာရေးသားတိုက်တွန်း

**RFA ၊ ဧပြီ ၂၅ ။** ။ မြန်မာအစိုးရသစ်အနေနဲ့ တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ဖို့ သမတဦးသိန်းစိန်ထံ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီလဆန်းပိုင်းက စာရေးသားတိုက်တွန်းခဲ့ပါတယ်။ အဲဒီစာနဲ့ပတ်သက်လို့ အသေးစိတ်ကို အန်အယ်လ်ဒီက ဧပြီ ၂၅ ရက် ဒီကနေ့ ကြေညာချက်ထုတ်ပြန်မယ်လို့ သိရပါတယ်။

သမတဦးသိန်းစိန်အနေနဲ့လွှတ်တော်မှာပထမဦးဆုံးပြောကြားခဲ့တဲ့မိန့်ခွန်းနဲ့အညီ ဥပဒေစိုးမိုးရေးကို ဦးစားပေးအကောင်အထည်ဖော်ဖို့ တိုက်တွန်းရတာဖြစ်ကြောင်း အန်အယ်လ်ဒီရဲ့ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးကပြောပါတယ်။

"ဩော် သဘောထားကတော့ အခုတက်လာတဲ့ နိုင်ငံတော်သမတကြီးက မိန့်ခွန်းချွေတယ်ပေါ့ဗျာ။ အဲဒီမိန့်ခွန်းချွေတဲ့ထဲမှာတော့ကာ အထူးသဖြင့်ကတော့ တိုင်းပြည်မှာ တရားဥပဒေ စိုးမိုးရေး၊တရားမျှတရေး၊ လောကပါလတရား၊ တရားမျှတမှုထူထောင်ရေးစသည်ဖြင့်ပေါ့ဗျာ၊ မိန့်ခွန်းတွေချွေတဲ့ဟာ တွေကတော့ ဒါဟာ အင်မတန်မှပဲမျှော်မှန်းစရာပေါ့။ အားတက်စရာ သဘောမျိုး၊ တရားမျှတမှုရှိဖို့ဟာမျိုးအတွက် ဖြစ်မယ်ဆိုတာမျိုးတော့ ပြောတာဆိုတာ တွေတော့ရှိပြီ။ သို့သော် အဲဒါနဲ့ပတ်သက်လို့ကတော့ ဆက်ပြီးတော့ တရားမျှတရေးရဖို့အတွက် လုပ်ပြဖို့တော့လိုပါတယ်။"

"သို့သော်လည်းအခုနေ အနေအထားမှာကတော့ဖြင့်ရင်ကြည့်ရသလောကတော့ အဲဒီပြောထားတဲ့ဟာတွေနဲ့ပတ်သက်လိုလုပ်တာပြတာလေးတွေကတော့ မြင်ရပြရတဲ့အပေါ်မှာတော့အားနည်းပါသေးတယ်။ အဲဒါကိုတော့ရှေ့ဆက်ပြီးတော့ တရားမျှတဖို့အရာရာပေါ့ ပြောဆိုထားတဲ့မိန့်ခွန်းနဲ့အညီ ဆောင်ရွက်မယ်ဆိုတဲ့ဟာကို မျှော်လင့်ပါတယ်ဆိုတဲ့သဘောပါပဲဗျ။"

အန်အယ်လ်ဒီဒုတိယဥက္ကဋ္ဌဦးတင်ဦး လက်မှတ်ရေးထိုးထားတဲ့ အဲဒီ သမတထံပေးစာကို အခုလ ၇ ရက်နေ့က နေပြည်တော်မှာရှိတဲ့ သမတဦးသိန်းစိန်ထံပေးပို့လိုက်တာဖြစ်ကြောင်း၊ ဒီစာနဲ့ပတ်သက်လို့ လောလောဆယ်အထိ အစိုးရသစ်ဖက်က တုံ့ပြန်မှုမရရှိသေးကြောင်း သိရပါတယ်။ သမတဦးသိန်းစိန်အနေနဲ့ ဘယ်လောက်အထိလုပ်နိုင်မလဲဆိုတာတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်၊

# သုခကုသိုလ်ဖြစ်ဆေးခန်းခွဲ ပြည်မြို့မှာဖွင့်လှစ်ဖို့စီစဉ်

**RFA ၊ ဧပြီ ၂၅ ။** ။ နာရေးကူညီမှုအသင်း - ရန်ကုန်က ဖွင့်လှစ်တဲ့ သုခကုသိုလ်ဖြစ်ဆေးခန်းပုံစံအတိုင်း အခမဲ့ကုသပေးမဲ့ဆေးခန်းခွဲကို ပြည်မြို့မှာဖွင့်လှစ်ဖို့စီစဉ်နေတယ်လို့သိရပါတယ်။

နာရေးကူညီမှုအသင်း - ရန်ကုန်တည်ရှိရာ ဒဂုံမြို့သစ်-မြောက်ပိုင်းမှာဖွင့်လှစ်ထားတဲ့သုခကုသိုလ်ဖြစ်ဆေးခန်းမှာလာရောက်ပြသသူ လူနာတွေကို ဓာတ်မှန်ကအစ၊ ဆေးဝါးပါမကျန် အခမဲ့ ကုသပေးနေတာပါ။ တရက်ကို လူနာတရာကျော်လာရောက်ပြီး ကုသမှုခံယူနေကြပါတယ်။ အဲဒီလို သုခဆေးခန်းခွဲတွေကို နယ်မြို့တွေမှာပါ ဖွင့်လှစ်ဖို့နာရေးကူညီမှုအသင်း-ရန်ကုန်ကစီစဉ်နေတာဖြစ်ပါတယ်။အခုပြည်မြို့မှာ ဖွင့်လှစ်မဲ့ ဆေးခန်းနဲ့ပတ်သက်ပြီး သုခဆေးခန်း တာဝန်ခံဒေါ်ရွှေဇီးကွက်က အခုလိုပြောပြပါတယ်။

"ပြည်မှာစဖွင့်မယ်ပေါ့။ ဘာဖြစ်လို့ပြည်ကိုရွေးတာလဲဆိုလို့ရှိရင် ၁ အချက်က မိုးမေတ္တာလူငယ်များအဖွဲ့ပေါ့နော်၊ ကိုညီညီအောင်တို့က ကိုမိုးကြီးတို့ ကိုညီညီအောင်တို့က ကျွန်မတို့ရေတွင်းတူးတဲ့ နေရာတွေမှာ ပြည်ဖက်မှာရော၊ နတ်မောက်ဖက်မှာရော သူတို့ကကူညီခဲ့တာ။ သူတို့ကလည်း ကျွန်မတို့ရဲ့ပုံစံအတိုင်း လုပ်ပေးနိုင်တယ်ပေါ့နော်။ အဲဒါကြောင့် ကျွန်မတို့ပြည်ကိုရွေးတယ်။ ပြီးတော့ ဆရာဝန်ရှိတဲ့နေရာ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်တွေကိုလည်း ဖော်လံတီယာပဲလိုချင်လို့ ကျွန်မတို့က ကျွန်မတို့အခုသုခဆေးခန်းပုံစံမျိုးပဲ၊ ရန်ကုန်သုခဆေးခန်းမှာ ဆရာဝန်အယောက် ၅၀ နီးပါးဟာ အားလုံးကကုသိုလ်ဖြစ်ပဲလာပြီး လုပ်ပေးနေကြတာ။"

ပြည်မြို့မှာဖွင့်လှစ်မဲ့ သုခကုသိုလ်ဖြစ်ဆေးခန်းခွဲအတွက် ရတနာမာန်အောင်ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ နေရာအဆောက်အဦရရှိထားပြီးဖြစ်တာကြောင့် ပြင်ဆင်မွမ်းမံနေတာတွေပြီးစီးရင် ဆေးခန်းစတင်ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ဒီဆေးခန်းအတွက် ကုန်ကျစရိတ်အားလုံးကို နာရေးကူညီမှုအသင်းကတာဝန်ခံပြီး မတည်ပံ့ပိုးသွားမှာဖြစ်တယ်လို့သိရပါတယ်။

# တရားဥပဒေစိုးမိုးရေးအလေးထားဖို့ NLD ထုတ်ပြန်

**RFA ၊ ဧပြီ ၂၅ ။** ။ အစိုးရသစ်အနေနဲ့ တရားဥပဒေစိုးမိုးရေးအလေးထားဆောင်ရွက်ဖို့အတွက် တိုက်တွန်းထားတဲ့စာကို NLD ပါတီက ဧပြီ ၂၅ ရက် တနင်္လာနေ့မှာထုတ်ပြန်လိုက်ပါတယ်။

ဒီစာဟာ NLD ဒုတိယဥက္ကဋ္ဌဦးတင်ဦးက သမတဦးသိန်းစိန်ထံကို ဧပြီလဆန်းပိုင်းကပေးပို့ခဲ့တဲ့စာဖြစ်ပါတယ်။ ထုတ်ပြန်လိုက်တဲ့စာနဲ့ပတ်သက်ပြီး ပါတီပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ခုလိုပြောပါတယ်။

"ဒီနေ့ထုတ်ပြန်တဲ့ကြေညာချက်အမှတ်ကတော့ ၇/၀၄/၁၁ ဖြစ်ပါတယ်။ တကယ်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ၄ ရက်နေ့က ဧပြီလ ၄ ရက်နေ့က အစည်းအဝေးဆုံးဖြတ်ချက်အရ ဒုတိယဥက္ကဋ္ဌဦးတင်ဦးက ၅ ရက်နေ့မှာပဲ နိုင်ငံတော်သမတဦးသိန်းစိန်ထံကိုစာတစောင်ပေးပို့ပါတယ်။အဲဒီစာကတရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်တဲ့စာပါ။ အဲဒီစာကို ဒီနေ့ အစကနေအဆုံး ပြည်သူများသိရှိအောင်ထုတ်ပြန်လိုက်ခြင်းဖြစ်ပါတယ်။ အဲဒီလို ထုတ်ပြန်ဖို့ဧပြီလ ၂၂ ရက်ကျင်းပတဲ့ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးက ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။"

ပေးစာမှာ နိုင်ငံတွင်း လက်ရှိဖြစ်ပျက်နေတဲ့ တရားဥပဒေရေးရာဆောင်ရွက်ချက်တွေကို ရည်ညွှန်းဖော်ပြထားသလို၊ မှုခင်းနဲ့သတင်းတပ်ဖွဲ့တို့ကတင်တဲ့အမှုတွေဟာ အင်းစိန်ထောင်တွင်း အထူးတရားရုံးတွေမှာ စစ်ဆေးကြားနာနေတဲ့အတွက် ဆွေမျိုးသားချင်းတွေနဲ့ စိတ်ပါဝင်စားတဲ့ပြည်သူတွေ လာနားထောင်ခွင့်မရှိတာကြောင့် လွတ်လပ်စွာတရားစီရင်မှုတွေနဲ့ကိုက်ညီမှုမရှိဘူးလို့ ထောက်ပြထားပါတယ်။

ဒီအတောအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ဟာ ဧပြီ ၂၅ ရက် တနင်္လာနေ့မွန်းလွဲပိုင်းက Inter natio nal Center on Non-Violence Conflict အဖွဲ့နဲ့တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။

**ဧပြီ ၂၂၊** Mizzima ။ ။ မြန်မာမီးရထားပေါ်တွင် လက်ဆောင်ကွန်ပြူတာ သို့မဟုတ် ကင်မရာအပိုသယ်ဆောင်လျှင် အခွန်ဆောင်ရမည်။ အခွန်ကြိုမဆောင်လျှင် ဒါဏ်ငွေပါအရိုက်ခံရမည်။

**ဧပြီ ၂၂၊** SHAN ။ ။ နအဖ ၏ ရှမ်းများအပေါ်ဖြတ်လေးဖြတ်စနစ်သုံးနေခြင်းသည် ရှမ်းပြည်နယ်တပ်နှင့် ဝ တပ်တို့ပူးပေါင်းမှုမရှိစေရန် ကြားခံနယ်မြေများ သိမ်းပိုက်ရေးဖြစ်၏။

**ဧပြီ ၂၃၊** Nation ။ ။ မြန်မာသည် အာဆီယံထံမှမည်သည့်ချီးမြင့်မှု၊ အသိအမှတ်ပြုမှုမျှ မရထိုက်သေး။

**ဧပြီ ၂၄၊** Asian Corespondent ။ ။ မြန်မာအစိုးရသစ်သည် တိုင်းရင်းသားသွေးစည်းရေးကိုပြောလာသော်လည်း လက်နက်ကိုင်တိုက်လျက်ပင်ရှိကြောင်း ကလောင်ရှင်ဇင်လင်းမှဝေဖန်၏။

**ဧပြီ ၂၅၊** DVB ။ ။ တဦးယောက်၏သဘောဖြင့်အုပ်ချုပ်ခြင်းထက် တရားဥပဒေစိုးမိုးရေးကိုအခြေပြုရန် အင်ယူပီပါတီမှ နအဖတဖြစ်လဲအစိုးရသို့တိုက်တွန်း၏။

**ဧပြီ ၂၅၊** SHAN ။ ။ ရှမ်းပြည်အရှေ့ပိုင်း ချင်းမိုင်းအနီး မုန်တိုင်းကြောင့် ရွာသားအနည်းဆုံး ၇ ဦးသေဆုံး၏။

**ဧပြီ ၂၅၊** WikiLeaks ။ ။ ၂၀၀၆ တွင်ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီရှိ အမေရိကန်သံရုံးမှထွက်သည့် သံကြိုးသတင်းအရ အိန္ဒိယဝန်ကြီးချုပ်မိုမန်စင်းသည် ဥရောပသမဂ္ဂမှတိုက်တွန်းသော်လည်း မြန်မာနှင့်အီရန်တို့အား လူ့အခွင့်အရေးဖောက်ဖျက်မှုများအတွက် ဝေဖန်ရန်ငြင်းဆန်ခဲ့၏။

**ဧပြီ ၂၅၊** Irrawaddy ။ ။ အောက်လွှတ်တော်ခေါင်းဆောင် သူရရွှေမန်းသည် ကြံ့ဖွံ့၏ ကြားဖြတ်ဥက္ကဋ္ဌဖြစ်လာ၏။ ကြံ့ဖွံ့ခေါင်းဆောင်ပိုင်းတွင်း နေရာလုမှုများပေါ်နေ၏။

**ဧပြီ ၂၅၊** BBC ။ ။ မြန်မာမှ ရေနှင့်ငါးလုပ်သားများသည် ကမ်းပေါ်နှင့်သင်္ဘောပေါ်တွင် ရိုက်နှက် သတ်ဖြတ် မုဒိန်းကျင့်မှုများအပါအဝင် ထိုင်းပွဲစားများနှင့် ငါးလုပ်ငန်း၏ နှစ်ရှည်သက်ဦးဆံပိုင် ငွေဝယ်ကျွန်သဖွယ်ဖြစ်နေရကြောင်း Alastair Leithead မှ နည်းကျည်းဖွယ်သတင်းဝေဖန်၏။

**ဧပြီ ၂၅၊** Independent ။ ။ ဥရောပလုပ်ငန်းများသည် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်လာမှုအခွင့်ကောင်းယူကာ မြန်မာတွင်ကုန်သွယ်ရန်ကြိုးပမ်းနေ၏။

**ဧပြီ ၂၅၊** Sussex Express ။ ။ ဒေါ်အောင်ဆန်းစုကြည်အား ဧည့်ဒါရိုက်တာအဖြစ် အဝေးမှပါဝင်မည့် Brighton ပွဲတော်သည် မေ ၇ မှ ၂၇ ထိ ကျင်းပမည်။

**ဧပြီ ၂၆၊** CA ။ ။ Eleanor Roosevelt ကမ္ဘာ့အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူဆုကို ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အမျိုးသမီး ၄ ဦးအားပေးခဲ့၏။

**ဧပြီ ၂၆၊** Mizzima ။ ။ လယ်သမားများ၏ဘဝကိုမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံလည်းတိုးတက်မည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ တောင်သူလယ်သမားများနှင့် ၃ ရက်တာဆွေးနွေးပွဲတွင်ဆို၏။

**ဧပြီ ၂၇၊** DVB ။ ။ ထိုင်းနယ်စပ် ကရင်ပြည်နယ်တွင် စင်္ကာပူမှ SNOG Pte Ltd နှင့် UPR Pte တို့နှင့်စာချုပ်မည့် သဘာဝဓါတ်ငွေ့လုပ်ငန်းတွင် Shale ဓါတ်ငွေ့လုပ်ငန်းမှ နောက်ခံပါဝင်နိုင်ကြောင်း။

**ဧပြီ ၂၇၊** RFA ။ ။ ဓါတ်ငွေ့လိုင်းဖြတ်မည့်ဒေသမှဖယ်ရှားရန် ကေအိုင်အေ ကချင်တပ်မဟာ ၄ အား နအဖ တပ်မှ ရာဇသံပေးရာ ကေအိုင်အေမှငြင်းဆိုလိုက်ကြောင်း။

**ဧပြီ ၂၇၊** Narinjara ။ ။ မြန်မာနှင့်စစ်ရေးပူးတွဲလေ့ကျင့်ရန် အိန္ဒိယစစ်သင်္ဘော ၂ စီးမြန်မာသို့သွားနေ၏။

**ဧပြီ ၂၇၊** Saudi Gazette ။ ။ မြန်မာရေနံလုပ်ငန်းသည် တရုတ် စင်္ကာပူ တောင်ကိုးရီးယားတို့နှင့် ရေနံတူးဖော်ရေးစာချုပ်ချုပ်ဆိုရန်စိုင်းပြင်းနေ၏။

**ဧပြီ ၂၇၊** NAY PYI TAW ။ ။ တရုတ် – မြန်မာပူးတွဲ၍ မူဆယ်မှကျောက်ဖြူအထိ ရထားလမ်းဖောက်ရန် သဘောတူမှတ်တမ်းလက်မှတ်ထိုးခဲ့၏။

**ဧပြီ ၂၇၊** Irrawaddy ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့်ရင်းနှီးပြီး နအဖ၏ စီးပွားရေးမကျွမ်းကျင်မှုကိုဝေဖန်ခဲ့သူ စီးပွားရေးတက္ကသိုလ်ပါမောက္ခဟောင်း ဦးမြင့် ၇၃ အား သမတဦးသိန်းစိန်အစိုးရအဖွဲ့မှ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင်အဖြစ်ခန့်အပ်၏။

**ဧပြီ ၂၈၊** SHAN ။ ။ UWSA ဝ တပ်နှင့် NDAA တို့အား ဧပြီ ၃၀ အတွင်း သတ်မှတ်ပေးထားသည့်နယ်ပြင်ပရောက်တပ်များအား တပ်ဆုတ်ရန် နအဖ တပ်မှ ရာဇသံထပ်ပေးကြောင်း နယ်စပ်သတင်းများမှဆို၏။

**ဧပြီ ၂၈၊** DVB ။ ။ တောင်တွင်းကြီးတွင် အဲန်အဲလ်ဒီ၏ နိုင်ငံအဝှမ်း လက်မှတ်ထိုးလှုပ်ရှားမှုတွင်မပါဝင်ရန် ဒေသခံများအား အာဏာပိုင်များမှအကျပ်ကိုင်နေ၏။

**ဧပြီ ၂၈၊** Nation ။ ။ ဖက်ချာဘွန်တွင်ရှိ မြန်မာအလုပ်သမား ၁၀၀၀ ခန့်သည် ဆန္ဒပြ၍ လုံခြုံရေးဝန်ထမ်းအား ဓားစာခံအဖြစ်ဖမ်းထားကြောင်း။

**ဧပြီ ၂၈၊** KL ။ ။ ကွာလာလမ်ပူလ်ရှိ အဆောင်နေမြန်မာလူငယ် ၄၅ ဦးအကြား ခိုက်ရန်ဖြစ်၍ တဦးသေဆုံးခဲ့ရာ ၃ ဦးအားဖမ်းမိထားပြီး ပုဒ်မ ၃၀၂ လူသတ်မှုဖြင့်စွဲဆိုမည်ဖြစ်ကြောင်း။

**ဧပြီ ၂၈၊** ND-PTI ။ ။ မြန်မာအပါအဝင် ဆင်းသောနိုင်ငံများ LDC ၄၈ နိုင်ငံ၏ရှေ့ရေးကို တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်တွင်ကျင်းပမည့် ၄ ကြိမ်မြောက် ကုလသမဂ္ဂ LDC ကွန်ဖရင့်မှဆွေးနွေးမည်။

**ဧပြီ ၂၈၊** DVB ။ ။ ရနောင်ရှိ ထိုင်းငါးလုပ်ငန်းရှင်များသည် ထိုင်းလူဝင်မှုမှမြန်မာလုပ်သားများကို တရားဝင်လုပ်ပိုင်ခွင့်မရှိဟုဆိုကာ ဖမ်းနေခြင်းကို ကန့်ကွက်ကြ၏။ ဆက်လက်ဖမ်းလျှင် လုပ်သားမရှိ၍ ပုပ်သောငါးများကို ရန်နောင်းမြို့ကားလမ်းအနံ့ဖြန့်ကျဲမည်ဟုခြိမ်းခြောက်၏။

**ဧပြီ ၂၈၊** Irrawaddy ။ ။ ဘာသာရေးနှိပ်ကွပ်မှုများစွာကျူးလွန်နေသော မြန်မာအပေါ် ကန့်သတ်ပိတ်ပင်မှုများ ဆက်လက်ပြုလုပ်ရန် အမေရိကန်လွှတ်တော်၂ ရပ်လုံးပါသည့် နိုင်ငံတကာဘာသာရေးလွတ်လပ်မှု အမေရိကန်ကော်မရှင် USCRIF မှတောင်းဆို၏။

**ဧပြီ ၂၈၊** Mizzima ။ ။ ရှမ်း SNLD ၊ ရခိုင် RNDP ၊ ချင်း CNP , Phalon- Sawaw ဒီမိုကရက်တစ်ပါတီတို့သည် Brotherhood Forum အဖွဲ့အမည်ဖြင့် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ရန်တောင်းဆို၏။

**စာမျက်နှာ ၁၃ သို့**

# သမတဦးသိန်းစိန် မိန့်ခွန်းအကောင်အထည်ဖော်ရန် တိုင်းရင်းသားများတောင်းဆို

**VOA । ဧပြီလ ၂၇ ။** ။ ၂၀၁၀ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ တိုင်းရင်းသားပါတီ ၅ ပါတီရဲ့ ၂ ရက်ကြာ အစည်းအဝေးဟာ ဒီကနေ့ ပြီးဆုံးသွားခဲ့ပြီး နိုင်ငံရေးအပြောင်းအလဲတွေ ဖော်ဆောင်နိုင်ဖို့နဲ့ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် အချက် ၅ ချက် တင်ပြ တောင်းဆိုကြောင်း ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီအကြံပြုတောင်းဆိုချက်တွေဟာ မြန်မာပြည်ရဲ့ ပကတိလိုအပ်ချက်တွေနဲ့လည်းကိုက်ညီနေတာကြောင့်အစိုးရဘက်ကအကောင်အထည်ဖော်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ ဒီအကြောင်း အပြည့်အစုံကို ဗွီအိုအေထိုင်းအခြေစိုက် သတင်းထောက်ကိုမိုးဇော်က တင်ပြထားပါတယ်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီနဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့ ပါဝင်တဲ့ ၅ ပါတီ အစည်းအဝေးဟာ ဒီလ ၂၆ ရက်နေ့က စတင်ခဲ့ပြီး ဒီကနေ့ ၂၇ ရက်နေ့ ညနေပိုင်းမှာ ပြီးဆုံးသွားတာဖြစ်ပါတယ်။

ဒီအစည်းအဝေးအတွင်းမှာ လွှတ်တော်ကျင်းပစဉ်က ဆွေးနွေးတင်ပြခဲ့ကြတဲ့ အချက်တွေကို ပြန်လှန်သုံးသပ်ခဲ့ကြပြီး ၂၇ ရက်နေ့ ညနေပိုင်းမှာတော့ အစိုးရသစ်နဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကို အချက် ၅ ချက် တင်ပြတောင်းဆိုခဲ့တယ်လို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီရဲ့ ဥက္ကဋ္ဌ ဦးနိုင်ငွေသိမ်းက အခုလိုပြောပါတယ်။

"အဲဒီ ၅ ချက်က သမ္မတရဲ့မိန့်ခွန်းကို ကြိုဆိုတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဖြစ်အောင်လို့ လုပ်ပေးပါ ဆိုပြီးတော့ တောင်းဆိုထားတဲ့ သဘောရှိတယ်။ နံပါတ် ၂ က တိုင်းရင်းသားတွေ နေထိုင်တဲ့ နေရာမှာ ဖွံ့ဖြိုးမှုကတော့ တိုင်းဒေသကြီးမှာ နေတဲ့သူထက်ကို ခြားနားတာပေါ့။ အဲဒါကြောင့် တည်ငြိမ်အေးချမ်းမှုရမယ်ဆိုရင်တော့ တိုးတက်လာမယ်ပေါ့။ ဒါကြောင့် တည်ငြိမ်အေးချမ်းမှုရအောင် တက်လာတဲ့ အစိုးရသစ်က ဖန်တီးပေးပါဆိုတဲ့ တချက်။

"နောက်တချက်က အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်ပြီး အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေါ့ဗျာ။ ဒီအမိန့်ကို ထုတ်ပြန်ပေးပါဆိုပြီးတော့ ဒီလိုမျိုးတောင်းဆိုထားတဲ့ သဘောပါ။ နောက်တခါ နယ်စပ်ဒေသမှာ ဖွံ့ဖြိုးတိုးတက်ဖို့က နယ်စပ်ဒေသမှာရှိတဲ့ ပုဂ္ဂိုလ်ကို တာဝန်ပေးမယ်ဆိုဆောင်ရွက်ရတာ ပိုပြီးတော့ လွယ်ကူမယ်ဆိုတဲ့ အနေအထား။ နောက် တိုင်းရင်းသားဒေသတွေမှာ နိမ့်ကျနေတဲ့ ပညာရေး၊ ကျန်းမာရေး၊ အခြားကဏ္ဍတွေ အတွက်ကတော့ လူသားချင်းစာနာတဲ့ အကူအညီကို ပိုမိုပေးဖို့ ဆိုပြီးတော့ နိုင်ငံတကာမိသားစုကို မေတ္တာရပ်ခံပြီး တောင်းဆိုထားတယ်ပေါ့ဗျာ။"

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက အထွေထွေ အတွင်းရေးမှူးဦးလှစောကတော့ မြန်မာနိုင်ငံမှာ တကယ်လိုအပ်နေတဲ့ အရာတွေကို အကျေအလည်ညှိနှိုင်းတိုင်ပင်ပြီး တောင်းဆိုထားတာ ဖြစ်တယ်လို့ ပြောပါတယ်။

"ကျနော်တို့ တောင်းဆိုတာတွေက ဗမာပြည်မှာ တကယ်ဖြစ်သင့်တဲ့ဟာတွေပဲဗျ။ ဥပမာ General Amnesty ကို ကျနော်တို့ တောင်းဆိုတယ်။ ဒါကလည်း ဗမာပြည်မှာ တကယ်အမျိုးသားချစ်ကြည်ရေးကို ရှေ့ရှုပြီးတော့ General Amnesty ကို အမြန်ဆုံးဖော်ထုတ်ပေးဖို့ပဲ။ ထုတ်လည်း ထုတ်ပေးမယ်လို့ ကျနော်တို့ မျှော်လင့်ပါတယ်။

"နောက်တခုက ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ဘဲနဲ့ ကျနော်တို့တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အဲတော့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက် ဖို့အတွက် တပ်မတော်ဘက်ကရော၊ တိုင်းရင်းသားအင်အားစုတွေဘက်ကရော လောလောဆယ်မှာ အပစ်အခတ် ရပ်စဲမယ်ဆိုရင်တော့ပြည်သူတရပ်လုံးကတော့ တော်တော်ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာပဲ။ အဲဒါလည်းဘာမှမလိုက်လျောနိုင်စရာ မရှိပါဘူး။ ပြည်သူတရပ်လုံးကလည်း မျှော်လင့်တဲ့ကိစ္စ၊ တကယ့်ကိုဖြစ်နိုင်တဲ့၊ လက်တွေ့ကျတဲ့၊ ပြည်သူတရပ်လုံးလည်း မျှော်လင့်တဲ့၊ နိုင်ငံတကာမှာလည်း အင်မတန်မင်္ဂလာရမယ့်ကိစ္စပေါ့ဗျာ၊ ကျနော်တို့က တင်ပြတာပဲဖြစ်ပါတယ်ဗျာ။"

ဒီတောင်းဆိုချက်တွေအပေါ်မှာတော့ အစိုးရက အကောင်အထည်ဖော်ပေးလိမ့်မယ်လို့ မျှော်လင့်တယ်လို့ဆိုပါတယ်။တိုင်းရင်းသားမဟာမိတ် ၅ ပါတီဟာ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကို လေ့လာဆန်းစစ်ပြီး အလားတူအကြံပြုတာနဲ့ ဝေဖန်တာတွေကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ဦးလှစောကဆက်ပြောပါတယ်။ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နဲ့ ရှမ်း စတဲ့ တိုင်းရင်းသားပါတီ ၅ ပါတီဟာ အရင်ကလည်း ဒု-သမ္မတ တနေရာကို တိုင်းရင်းသားခေါင်းဆောင်တဦးဦးကို ခန့်ထားဖို့ တောင်းဆိုခဲ့ရာမှာ သူတို့ တောင်းဆိုတဲ့အတိုင်း အောင်မြင်မှု ရခဲ့ဖူးပါတယ်။

---

# ရေတံခါးကို ဖွင့်ထားလို့ အခက်တွေ့

**DVB । ဧပြီလ ၂၇ ။** ။ ရန်ကုန်တိုင်းအတွင်းက ကော့မှူးမြို့နဲ့ ကွမ်းခြံကုန်းမြို့တွေမှာ ချောင်းကိုအမှီပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်နေတဲ့ ဒေသခံတွေဟာ ချောင်းရေတိမ်ကော နေတဲ့အတွက် အခက်တွေ့နေကြပါတယ်။

အထူးသဖြင့် လက်ရှိနွေစပါးရိတ်သိမ်းချိန်မှာ စပါးတွေကို သယ်ယူရာမှာ ကော့မှူးမှာရှိတဲ့ ရေတံခါးကို အာဏာပိုင်တွေက ဖွင့်ချထားတဲ့အတွက် ချောင်းတွင်း ရေမရှိတော့တာကြောင့် လှေကို အားပြုသယ်ဆောင်ရတဲ့ စပါးတွေ မသယ်နိုင်ဖြစ်နေရပါတယ်။ နွေစပါးသယ်ဖို့ခက်နေပုံကို လယ်သမားတဦးကခုလိုပြောပါတယ်။

"ကျနော်တို့ ကွမ်းခြံကုန်းနဲ့ ကော့မှူးနဲ့ တည်ဆောက်ထားတဲ့ ရေတံခါးကြီး ပေါ့။ ကွမ်းခြံကုန်းမြို့နယ် ရေတံခါး။ အဲဒီရေတံခါးကြီးက ဒီအချိန်ကျရင် ဒီလိုမျိုးဖွင့်ထုတ်တယ်။ ဖွင့်ထုတ်တော့ အခုလယ်သမားတွေက နွေရာသီစပါးသိမ်းချိန်ရောက်နေပြီ။ ရေမရှိတော့ လယ်သမားတွေ စပါးတွေကို ဒီအတိုင်းထားပြီးမဆွဲရဘူး။ လှည်းလမ်းလည်း မပေါက်ဘူး။ ကားလမ်းလည်း မပေါက်ဘူး။ ကျနော်တို့က တက်ရေကို သွင်းပြီးတော့ကျရေကို ပိတ်ထားပေးဖို့ပြောတယ်။ အဲဒါကို အထက်က ညွှန်ကြားချက်အရဖွင့်တာလို့ ပြောတယ်။"

ကွမ်းခြံကုန်းမြို့နယ်က လယ်သမားတဦးပြောဆိုသွားတာပါ။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်တုန်းကလည်း ဒီလိုအလားတူ ရေတခါးဖွင့်ထားတဲ့အတွက်လယ်တွင်းမှာရှိတဲ့ စပါးသယ်လို့မရတဲ့အတွက် စပါးအတော်များများပျက်စီးဆုံးရှုံးခဲ့ဖူးတယ်လို့လည်း အဲဒီလယ်သမားက ပြောပြပါတယ်။ အဲဒီထဲကကျေးရွာတွေဟာ မြို့ကိုဖောက်တဲ့ကားလမ်း၊ လှည်းလမ်းမရှိဘဲ လှေနဲ့သွားလာနေကြတာလို့ အဲဒီလယ်သမားက ပြောပါတယ်။ ဒါ့အပြင် ကော့မှူးနဲ့ ကွမ်းခြံကုန်းမြို့

**စာမျက်နှာ ၁၂ သို့**

# ဗိုလ်ကြီးဟောင်းနေမျိုးဇင်ဖမ်းဆီးထားမှုအပေါ် ဥပဒေနှင့်အညီဆောင်ရွက်ဖို့ AHRC အစိုးရသစ်ကိုမေတ္တာရပ်ခံ

**Mizzima ၊ ဧပြီ ၂၇ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD လူငယ်များပါဝင်သည့် သွေးလှူအဖွဲ့ကိုကူညီနေသူ ဗိုလ်ကြီးဟောင်း နေမျိုးဇင်ကို အကြောင်းပြချက်မရှိဖမ်းဆီးခြင်းသည် အခြေခံဥပဒေကို ချိုးဖောက်ရာရောက်သဖြင့် ဥပဒေနှင့်အညီဆောင်ရွက်ပေးရန် အာရှ လူ့အခွင့်အရေးကော်မရှင် AHRC က မြန်မာအစိုးရကိုပြောဆိုမေတ္တာ ရပ်ခံလိုက်သည်။

၂၀၀၈ အခြေခံဥပဒေ အခန်း ၈၊ ပုဒ်မ ၃၇၆ တွင် စီရင်ပိုင်ခွင့် ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခြင်းမရှိရဟုပြဋ္ဌာန်းထားသော်လည်း ကိုနေမျိုးဇင်ကို ဖမ်းဆီးစဉ်က ဖမ်းဝရမ်း မပါခြင်း၊ ရက်သတ္တပတ် ၃ ပတ်ကျော်အထိ တရားရုံးမတင်ဘဲဖမ်းဆီးထားခြင်းအပေါ် တနင်္လာနေ့တွင် ကြေညာ ချက်ထုတ်ကာမေတ္တာရပ်ခံခြင်းဖြစ်သည်။

"ပြည်တွင်းမှာပြဋ္ဌာန်းထားတဲ့ ဥပဒေကျင့်ထုံးနဲ့အညီ တရား စွဲအဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း မရှိက်ခြင်းမရှိဘဲ နိုင်ငံ သားတဦးကို လက်လွတ်စပယ်ဖမ်းဆီးနေတာဟာ ဥပဒေနဲ့မညီဘူး ဆိုတာထောက်ပြလိုတဲ့အတွက် အရေးပေါ်မေတ္တာရပ်ခံစာ ထုတ်ပြန် ရခြင်းဖြစ်တယ်" ဟု AHRC မှ ရှေ့နေ ဦးမင်းလွင်ဦးကပြောသည်။

အခြေခံပုဒ်မ ၃၇၆ တွင် "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအ ကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ် သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတရပ်ရပ်အရခွင့်ပြုသည့်ကိစ္စမှတပါးစီရင်ပိုင် ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ပို၍ချုပ်နှောင်ခြင်းမရှိရ" ဟု ပြဋ္ဌာန်းထားသည်။

ကိုနေမျိုးဇင်ကို ဧပြီလ ၂ ရက်နေ့ ညနေပိုင်းတွင် အထူးရဲ သ တင်းတပ်ဖွဲ့ဝင်နှင့် ရပ်ကွက်အာဏာပိုင် ၈ ဦးခန့်က ဖမ်းဝရမ်းမပါဘဲ တောင်ဒဂုံနေအိမ်မှဖမ်းဆီးကာ မရမ်းကုန်းမြို့နယ် အောင်သပြေစစ် ကြောရေးစခန်း၌ဖမ်းဆီးထားပြီး မိသားစုနှင့်လည်း အဆက်အသွယ် မရသေးကြောင်း မိခင်ဖြစ်သူထံမှသိရသည်။

"တခါမှလည်း ဒီလိုအတွေ့အကြုံမရှိဘူးလေ။ ဘယ်လိုက်လို့ လိုက်ရမှန်းမသိဘူး။ သူတို့လာအကြောင်းကြားတာ ကိုပဲ အန်တီမျှော် နေတာ။ ဟိုမှာ သွားတွေ့တုန်းကမရှိဘူး၊ တွေ့ခွင့်မပေးဘူးဆိုတော့ အန်တီဘာလုပ်လို့ လုပ်ရမှန်းလည်းမသိတော့ပါဘူး" ဟု မိခင်ဖြစ်သူ ဒေါ်ခင်သီက မဇ္ဈိမကိုပြောသည်။

ဖမ်းဆီးချုပ်နှောင်စဉ်အတွင်း မိသားစုနှင့်တွေ့ခွင့်ပြုရန် သက် ဆိုင်ရာသို့စာတင်ထားသည်။ ဧပြီလ ၄ ရက်နေ့တွင်လည်း နေအိမ် ၌ဖွင့်လှစ်ထားသည့် အင်တာနက်ဆိုင်သို့ အာဏာပိုင်များဝင်ရောက်ရှာ ဖွေကာ သားဖြစ်သူအသုံးပြုသည့် ခရီးဆောင်ကွန်ပြူတာအား သိမ်း ဆည်းသွားသည်ဟုဒေါ်ခင်သီကဆိုသည်။ကွန်ပြူတာသိမ်းဆည်းသွား သဖြင့် အီလက်ထရောနစ်ဥပဒေ ဖြင့် အမှုဆင်ဖမ်းဆီးမည်ကို AHRC က စိုးရိမ်နေသည်။

၃၅ နှစ်အရွယ် ဗိုလ်ကြီးဟောင်းနေမျိုးဇင်မှာ တပ်မတော်တွင် ၁၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် တပ်မှထွက်ခဲ့သည်။ ယင်းနောက် NLD လူငယ်များပါဝင်သည့် သွေးကူညီရေးနှင့် လူမှုရေး လုပ်ငန်းများ၌ တက်ကြွစွာပါဝင်လုပ်ကိုင်ခဲ့သည်။

သမ္မတသစ်က တရားဥပဒေစိုးမိုးရေး ဦးစားပေးဆောင်ရွက်ရန် ကတိပြုထားသည့်အပေါ် အောက်ခြေအာဏာပိုင်များ မလိုက်နာသည် ကို အစိုးရသစ်အနေဖြင့် စစ်ဆေးမှု ရှိမရှိ စောင့်ကြည့်ကာ လူ့အခွင့်အ ရေးဆိုင်ရာအဖွဲ့များကို AHRC က တင်ပြသွားမည်ဖြစ်သည်။

AHRC မေတ္တာရပ်ခံချက်တွင် စစ်အစိုးရလက်ထက်ကဲ့သို့ ဥပ ဒေမဲ့ ဖမ်းဆီးနှိပ်စက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို အစိုးရ သစ်လက်ထက်တွင် ရပ်တန့်ပေးရန်၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို မြန်မာနိုင်ငံရှိအကျဉ်းထောင်များသို့ သွားရောက်ခွင့်ပြုကာ ကမ္ဘာ့အသိ အမှတ်ပြုစံနှုန်းနှင့်အညီ လုပ်ပိုင်ခွင့်ပြုရန် သမ္မတဦးသိန်းစိန်အစိုးရအ ဖွဲ့ထံစာရေးတောင်းဆိုကြပါရန်လည်း စာမူကြမ်းပုံစံနှင့်တကွ AHRC အင်တာနက်စာမျက်နှာတွင်ဖော်ပြထားသည်။

ဧပြီလအတွင်းကမှအစပြုကာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နယ်ပယ်ပေါင်းစုံမှ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလိုလားသူများက နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် အတွက် လက်မှတ်ရေးထိုးတောင်းဆိုချက်များကို သမ္မတဦးသိန်းစိန်ထံ ပေးပို့နေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါလက်မှတ်ရေးထိုးလှုပ်ရှားမှု ကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများရောက် ဒီမိုကရေစီရေးလှုပ်ရှား သူများကပါ လုပ်ဆောင်နေကြသည်။

---

# စစ်မှုထမ်းခိုင်းမှာစိုးတဲ့အတွက် လူငယ်များထွက်ပြေး

**RFA ၊ ဧပြီ ၂၅ ။** ။ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း မကြာခင် စစ်သင်တန်းတွေစတင်တော့မှာဖြစ်တဲ့အတွက် သင်တန်းပြီးတာနဲ့စစ်မှု ထမ်းခိုင်းမှာကိုစိုးရိမ်နေကြတဲ့ ချင်းလူငယ်အများအပြား အိန္ဒိယနယ် စပ်ကိုထွက်ပြေးနေကြတယ်လို့သိရပါတယ်။

လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌပူးတာလီယန်းက RFA ကို ပြောပါတယ်။

"သြော် ဒီမှာတော့ ဖလမ်းမှာပဲ ပြည်သူ့စစ်သင်တန်းတွေခေါ် တဲ့အခါကျတော့ လူငယ်တွေက ပြည်သူ့စစ်သင်တန်းဝင်ပြီးရင် စစ်မှု မထမ်းမနေရများခေါ်မလားဆိုပြီးတော့ အတော်များများ အိန္ဒိယနယ် စပ်ဖက်ကိုထွက်ပြေးကြတယ်လို့ ဖလမ်းဥက္ကဋ္ဌက သတင်းပို့တယ်။ ဖလမ်းမြို့ပေါ်ကရော အနီးအနားကလူတွေပါ၊ မြို့မှာသိပ် မနေကြဘူး တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့စစ်သင်တန်းခေါ်မှာကို ကြောက်လို့ ဆိုပြီးတော့ တိမ်းရှောင်နေကြတယ်လို့ပြောတယ်။ ခေါ်ဖို့ ဒီ ရယက တွေကို ရံပုံငွေတွေကောက်ခိုင်းပြီးတော့ပြင်ဆင်နေတယ်။"

ဖလမ်းမြို့နယ်အတွင်း စစ်သင်တန်းပေးဖို့ အစိုးရက အ မိန့်စာ ထုတ်ပြီးတဲ့နောက် ဖလမ်းမြို့ပေါ်နဲ့ကျေးရွာတွေမှာ တအိမ်ထောင်ကို စစ်သင်တန်းကြေး ငွေတထောင်နှုန်းကောက်ခံဖို့ အာဏာပိုင်တွေကို ညွှန်ကြားထားတယ်လို့ဆိုပါတယ်။

ချင်းပြည်နယ်အတွင်းက ကျန်တဲ့မြို့နယ်တွေမှာ စစ်သင်တန်း ကြေးမကောက်သေးပေမဲ့ ချင်းလူငယ်တွေကြားမှာတော့ စစ်သင်တန်း တက်ရမှာနဲ့ စစ်မှုထမ်းရမှာကိုစိုးရိမ်ပူပန်နေကြတယ်လို့သိရပါတယ်။

စစ်အစိုးရဟာ လွှတ်တော်သစ်မစတင်ခင် ၂၀၁၀ ခုနှစ် ဒီဇင် ဘာလ ၁၇ ရက်နေ့က အရွယ်ရောက်သူလူငယ်တိုင်းကို စစ်မှုထမ်း ခိုင်းဖို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေလို့ အမည်တပ်ထားတဲ့ ဥပဒေ ကို နိုင်ငံတော်ပြန်တမ်းအဖြစ်နဲ့ထုတ်ပြန်ခဲ့ပါတယ်။

# လက်တလောခန့်အပ်လိုက်တဲ့ သမ္မတအကြံပေးအဖွဲ့ အသုံးချခံရဖွယ်ရှိ

**VOA ၊ ဧပြီလ ၂၆ ။** ။ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေမှာ ပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံတော်သမ္မတက နိုင်ငံရေး၊ စီးပွားရေးနဲ့ဥပဒေရေးရာ ကဏ္ဍ ၃ ခုအတွက် အဖွဲ့ဝင် ၉ ဦးပါ အကြံပေးအဖွဲ့ကိုဖွဲ့စည်းလိုက်တယ်လို့ တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ အခုလို အကြံပေးအဖွဲ့ဖွဲ့လိုက်တယ်ဆိုတဲ့ကိစ္စဟာ တကယ်တမ်း သူတို့ရဲ့အကြံဉာဏ်တွေကို လိုချင်တာထက် လက်ရှိအစိုးရရဲ့လိုအပ်ချက်တွေကို တာဝန်ပေးခိုင်းစေလိုတဲ့ သဘောသာဖြစ်တယ်လို့ တပ်မတော်ထောက်လှမ်းရေးမှာတာ ဝန်ယူခဲ့ဖူးတဲ့ ဗိုလ်မှူးဟောင်းဦးအောင်လင်းထွဋ်ကသုံးသပ်ပါတယ်။ သမ္မတရဲ့အကြံပေးအဖွဲ့ ဖွဲ့စည်းတာနဲ့ပတ်သက်လို့ရော ဒီအဖွဲ့မှာ ဦးဆောင်ပါဝင်သူတွေနဲ့ပတ်သက်လို့ပါ ဦးအောင်လင်းထွဋ်ကို ကိုသားညွှန့်ဦးက ဆက်သွယ်မေးမြန်းပြီး တင်ပြပေးထားပါတယ်။

သမ္မတအကြံပေးအဖွဲ့ ဆိုပြီးတော့ အဓိကစီးပွားရေး၊ နိုင်ငံရေးနဲ့ ဥပဒေရေးရာဆိုပြီး အဖွဲ့ ၃ ဖွဲ့ ဖွဲ့ပါတယ်။ စုစုပေါင်း လူ ၉ ယောက်ပါပါတယ်။ အဲဒီတော့ ဒီအဖွဲ့အခုလို ဖွဲ့စည်းလိုက်တာနဲ့ ပတ်သက်လို့ သူတို့ ဘယ်လိုစဉ်းစားချက်နဲ့ ဖွဲ့တယ်လို့ ထင်ပါသလဲ။ တချို့အရပ်သားတွေလည်း ပါပါတယ်။

"ပါမောက္ခ ဦးမြင့်နဲ့ ပတ်သက်ပြီးတော့ သူက နိုင်ငံခြားမှာလည်း တော်တော်ကြာကြာနေခဲ့တယ်၊ စီးပွားရေးကိစ္စ၊ နိုင်ငံရေးကိစ္စတွေမှာလည်းသိတယ်၊ နောက် ကျနော်တို့ပိုပြီးတော့ သိတာက ဒေါ်အောင်ဆန်း စုကြည်နဲ့ရင်းနှီးကျွမ်းဝင်တဲ့ ပုဂ္ဂိုလ်လို့ သိပါတယ်။ ဒီအတွက်ကြောင့်လည်း ကျနော်တို့ မြန်မာပြည်မှာရှိစဉ်တုန်းကတော့ ပါမောက္ခဦးမြင့်က အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်ကြားမှာ ဆက်ဆံရေးအရာရှိ မဟုတ်ပေမဲ့ တဘက်စကားတဘက် အပြန်အလှန်ပြော ခဲ့တာလေးတွေ၊ ပေးပို့ခဲ့တာလေးတွေတော့ ရှိခဲ့ဖူးပါတယ်။"

အခုလို ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း ပုဂ္ဂိုလ်ရေးအရ ရင်းနှီးတယ်၊ အတိုက်အခံအင်အားစုတွေ၊ နိုင်ငံခြားပညာရှင်တွေနဲ့ လည်း ရင်းနှီးတဲ့ ဒေါက်တာဦးမြင့်ကို စီးပွားရေးအကြံပေးခေါင်းဆောင်အနေနဲ့ ထားတာ ဘယ်လိုထူးခြားချက်လို့ မြင်ပါလဲခင်ဗျ။

"အဓိကကတော့ အမေရိကားရယ်၊ ဥရောပနိုင်ငံတွေရယ် စီးပွားရေး Sanction ကို ကင်းလွတ်ခွင့် ပြုအောင်အတွက် ဦးမြင့်ကို တာဝန်ပေးတယ်လို့ ကျနော် မြင်ပါတယ်ခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဦးမြင့်က အနောက်နိုင်ငံတွေနဲ့ ပတ်သက်ပြီးတော့ သူလည်း ကျွမ်းကျွမ်းဝင်ဝင် သိတဲ့သူ တယောက်ပါ။ ကြားထဲမှာလည်း ဆက်စပ်မှုတွေရှိကောင်းရှိနိုင်ပါတယ်။ ဒီ့အတွက်ကြောင့်လည်း သူ့ကို ကြားခံပေါ့ Mediator သဘောမျိုး သုံးကောင်းလည်း သုံးနိုင်ပါတယ်။"

နိုင်ငံရေး အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင် အကြောင်းလည်း မေးချင်ပါတယ်။ ဦးကိုကိုလှိုင်ကို ဒီလိုနေရာမျိုး ထားရအောင် သူ့မှာ ဘယ်လောက်အထိ နိုင်ငံရေးနဲ့ပတ်သက်လို့ အခြေခံဘယ်လောက်ရှိပါသလဲခင်ဗျ။

"ကိုကိုလှိုင်နဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ ကျောင်းကတည်းက တွေ့ခဲ့ဖူးပါတယ်။ ကျနော့်အမြင် အတွေ့အကြုံနဲ့ ဗဟုသုတ အပိုင်းမှာတော့ ကျန်တဲ့ သဘာရင့်တဲ့နိုင်ငံရေးသမားကြီး တယောက်တော့ မဟုတ်ဘူးခင်ဗျ။ သူ့မှာ တခုတော့ရှိပါတယ်၊ စာဖတ်အားနဲ့လေ့လာအားတော့ ရှိပါတယ်။ တချိန်က ကက(ကြည်း) သုတေသန ဆိုတာက နိုင်ငံတကာရဲ့ နိုင်ငံရေးကိစ္စတွေ၊ စစ်ရေးကိစ္စတွေကို စုံစမ်းလေ့လာပြုစုပြီးတော့မှ ကက(ကြည်း) ဗိုလ်ချုပ်ကြီးတွေကို တင်ပြရတဲ့ဌာနဖြစ်ပါတယ်။

"အခုလည်း သူကိုယ်တိုင် ပြန်ကြားရေးဌာနမှာ တာဝန်ယူနေတာကို ကျနော်သိတယ်။ ဒီအပြင် ဘာလှော်ဂါတွေပေါ့၊ ပိတောက်မြေတို့ ဘာတို့က ကိုကိုလှိုင်တို့ရဲ့ ပါဝင်ပတ်သက်မှုတွေရှိပါတယ်။ အဓိကအားဖြင့်တော့ တန်ပြန် နိုင်ငံရေးအန်တုမှုလုပ်ငန်းကို ဦးဆောင်ဦးရွက်လုပ်နေတဲ့ လူတယောက်တော့ ဖြစ်ပါတယ်။"

ရဲမှူးကြီး စစ်အေးနဲ့ပတ်သက်လို့ရော၊ သူ့ကိုတော့ ဥပဒေအကြံပေးအဖွဲ့လို့ပြောထားတော့ သူ့မှာ ဥပဒေနဲ့ပတ်သက်လို့ရော ဘယ်လောက် အထိ Background ရှိပါသလဲ။

"ရဲမှူးကြီး စစ်အေးကတော့ ကျနော်သိသလောက် ဥပဒေနဲ့ပတ်သက်ပြီးတော့ ဘွဲ့ရခဲ့ပါတယ်။ ရဲအရာရှိသင်တန်း အပတ်စဉ် ၁ ကဆင်းတဲ့ ပုဂ္ဂိုလ်ပါ။ ကျနော်တို့နဲ့ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စတွေလုပ်တဲ့အခါမှာ၊ ကျနော်တို့ ဖမ်းတဲ့ဆီးတဲ့အခါမှာ ရဲမှူးကြီး စစ်အေးတို့အနေနဲ့ ဥပဒေအကြံပေး အနေနဲ့လုပ်ခဲ့ ကိုင်ခဲ့တာရှိပါတယ်။"

ခုန ဦးအောင်လင်းထွဋ် ပြောပုံအရဆိုရင် ဒီအကြံပေးအဖွဲ့က ဦးဆောင်ပိုင်းတွေကိုကြည့်လိုက်တော့ သူတို့ရဲ့ လိုအပ်ချက်အရခေါ်ယူခန့်ထားတဲ့ သဘောမျိုးဖြစ်နေတော့ တကယ်တမ်း သူတို့ ကိုယ်ပိုင်သူတို့မှာ ရှိနေတဲ့ အကြံဉာဏ်တွေ ပေးရင်ရော နိုင်ငံတော်အစိုးရဘက်က လက်ခံမယ့် အနေအထားရောရှိရဲ့လားခင်ဗျ။

"ကျနော့်အမြင် ပြောရရင် အကြံပေးလို့ သူတို့ သုံးဖို့ထက်စာရင် သူတို့ခိုင်းဖို့အတွက် ဒီအဖွဲ့ကို ဖွဲ့စည်းတယ်လို့ ကျနော်ထင်ပါတယ်။ သဘောက နိုင်ငံရေးအရဆိုရင် ကိုကိုလှိုင် မင်းလုပ်၊ စီးပွားရေးအရဆိုရင် ပါမောက္ခဦးမြင့်ကို တာဝန်ပေး၊ ဥပဒေရေးအရဆိုရင် ရဲမှူးကြီးစစ်အေးကို တာဝန်ပေးဆိုပြီးတော့မှ ဒီအတွက်ကို သူတို့ ရည်ရွယ်ပြီး ဖွဲ့ပါလိမ့်မယ်။ ဒီလူ၊ ဒီပုဂ္ဂိုလ်တွေ ကိုကိုလှိုင်တို့၊ ဦးစစ်အေးတို့ အနေနဲ့ကတော့ သမ္မတကြီးဦးသိန်းစိန်ကို အကြံပေးလောက်အောင်၊ အကြံပြုလောက်အောင်ရှိတဲ့ အရည်အချင်းတော့ သူတို့မှာ မရှိပါဘူးခင်ဗျ။"

---

**စာမျက်နှာ ၁၀ မှ**

နယ်အတွင်းမှာရှိတဲ့ ညောင်သာ၊ ရေတိမ်အစရှိတဲ့ကျေးရွာ တွေဟာလည်း ရေလမ်းကိုသာ အသုံးပြုကြတဲ့အတွက် စားသောက်ကုန်ပစ္စည်းတွေ သယ်ယူရမှာလည်း အခက်အခဲဖြစ်နေကြပါတယ်။ ဒါကြောင့် ဒေသခံတွေနဲ့ တောင်သူလယ်သမားတွေက စပါးတွေမပျက်စီးရအောင်နဲ့ သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့အောင် အဲဒီရေတံခါးကို ပိတ်ပေးဖို့ လိုလားနေကြပါတယ်။

"ကျနော်တို့က ရေတံခါးကို ကျရေပြန်မထွက်အောင် ပြန်ပိတ်ပေးဖို့၊ ရေရှိရင် လယ်သမားက အားလုံး အဆင်ပြေမှုရှိတယ်။ ချောင်းထဲရေမရှိတော့ ဘာမှလုပ်လို့မရဘူး။ လှည်းလမ်းလည်းမရှိ၊ ကားလမ်းလည်းမရှိ၊ ရေရှိမှ လှေသွားလို့ရတာ။ ရေတံခါးပြန်ပိတ်ထားပေးဖို့ပဲ လိုပါတယ်။ လယ်သမားတွေတော်တော်အခက်အခဲ ဖြစ်နေပါတယ်။"

ကော့မှူး-ကွမ်းခြံကုန်းက လယ်သမားတွေက သူတို့ရိတ်သိမ်းထားတဲ့ နွေစပါးတွေ မပျက်စီးရအောင် ရေလမ်းခရီးအဆင်ပြေအောင် ဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာကို တောင်းဆိုနေကြတာဖြစ်ပါတယ်။

# လယ်သမားထုတိုးတက်ရေး လယ်ယာစိုက်ပျိုးရေး ပညာပေးသင်တန်း ဖွင့်လှစ်

**RFA ၊ ဧပြီ ၂၆ ။** ။ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်လို့ ပထမအကြိမ် ပညာပေးသင်တန်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ရွှေဂုံတိုင်ဌာနချုပ်မှာ ဧပြီ ၂၆ ရက် ဒီကနေ့ ဖွင့်လှစ်ကျင်းပခဲ့ပါတယ်။

တိုင်းပြည်မှာလူဦးရေအများဆုံးဖြစ်တဲ့လယ်သမားထုတိုးတက်ရေးအတွက် အခုလိုပညာပေးသင်တန်းတွေ စီစဉ်တာလို့ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က အခမ်းအနားမှာပြောကြားခဲ့ကြောင်းပြန်ကြားရေးတာဝန်ခံဦးအုန်းကြိုင်ကပြောပါတယ်။

"အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကတော့ မြန်မာနိုင်ငံရဲ့အဆင့်အတန်းကိုတကယ်မြှင့်တင်ချင်တယ်ဆိုလို့ရှိရင် လယ်သမားတွေရဲ့ဘဝအဆင့်အတန်း မြှင့်တင်ဖို့လိုအပ်တယ်တဲ့၊ဘာကြောင့်ဆိုတော့ လယ်သမားတွေဟာ မြန်မာနိုင်ငံရဲ့အများစုဖြစ်တယ်တဲ့။ ဒါကြောင့်မို့လို့ လယ်သမားများကိုပညာပေးသင်တန်းခေါ် ပြီးတော့ပေးတာဖြစ်တယ်တဲ့။ ဒီသင်တန်းကရရှိတဲ့ အတွေ့အကြုံတွေကို သက်ဆိုင်ရာလယ်သမားထုတိုးတက်ရေးအတွက် ဆက်လက်ပြီးတော့အသုံးချသွားကြပါတဲ့။"

"လယ်သမားများ လက်ရှိကြုံတွေ့နေရတဲ့ တခြားသိသင့်သိထိုက်တဲ့အချက်တွေကူညီပေးဖို့ လိုအပ်တဲ့အချက်တွေဘာတွေ ရှိရင်လည်းပဲ တတ်နိုင်ရင် ဆောင်ရွက်ပေးမယ်တဲ့။ အဲဒါတွေလည်းပွင့်ပွင့်လင်းလင်းတင်ပြပါတဲ့၊ အဲလိုပြောတယ်။ ပြီးတော့ လယ်သမားများ၊ အထူးသဖြင့်တော့ လယ်သမားများ သားသမီးပညာရေး မြှင့်တင်ဖို့အတွက်လည်း တကဲ့ရည်ရွယ်ချက်ထားပြီးတော့ ကြိုးစားနိုင်အောင်ဆောင်ရွက်ကြရမယ်လို့ အဲဒီလို နှုတ်ခွန်းဆက်စကား ပြောပါတယ်။"

သင်တန်းကာလသုံးရက်အတွင်း လယ်ယာစိုက်ပျိုးမှု၊ ဓာတ်မြေသြဇာသုံးစွဲမှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆက်စပ်နေတဲ့အကြောင်း ပညာပေးဟောပြောမှာဖြစ်ပြီး ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းနဲ့ရခိုင်ပြည်နယ်ကတောင်သူလယ်သမား ၃၈ ဦး တက်ရောက်တယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။

ဒီသင်တန်းဟာ တောင်သူလယ်သမားတွေအတွက် NLD အနေနဲ့ ပထမဦးဆုံးအကြိမ်ဖွင့်လှစ်ခဲ့တာပါ။ သင်တန်းကာလအတွင်း လယ်ယာစိုက်ပျိုးရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆောင်ရွက်နေတဲ့ ဒေါက်တာဖုန်းဝင်း၊ ဦးအောင်ကြည်ညွန့် စတဲ့ ပညာရှင်တွေ တက်ရောက်ဟောပြောမယ်လို့သိရပါတယ်။

အလားတူပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရဲ့ စွမ်းရည်မြှင့်တင်ရေးသင်တန်းတွေနဲ့ပတ်သက်လို့ နိုင်ငံတကာပညာရှင်တွေလည်း လာရောက်ကူညီဖို့ရှိတယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။

ဒီကနေ့ နေ့လည်ပိုင်းမှာ ဟောင်ကောင်တက္ကသိုလ်က မြန်မာပညာရှင် ဒေါက်တာကျော်ရင်လှိုင်က ဒေါ်အောင်ဆန်းစုကြည်ကိုလာရောက်တွေ့ဆုံပြီး လူငယ်တွေရဲ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းမှာပါဝင်ကူညီဖို့ကမ်းလှမ်းသွားပါတယ်။ ဒါကြောင့် လာမဲ့ ဇွန်လအတွင်း သင်တန်းတွေ စီစဉ်ဆောင်ရွက်သွားဖို့ရှိတယ်လို့ ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကိုပြောသွားပါတယ်။

---

## ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ တောင်းဆိုတိုက်တွန်း

**RFA ၊ ဧပြီ ၂၇ ။** ။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ငြိမ်းချမ်းရေးအကောင် အထည်ဖော်ပေးဖို့နဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဆောင်ရွက်ပေးဖို့ ရွေးကောက်ပွဲဝင်တိုင်းရင်းသားပါတီ ၅ ပါတီက အစိုးရကိုတောင်းဆိုလိုက်ကြပါတယ်။

ရန်ကုန်မြို့ကျားဖြူပါတီရုံးမှာ ဧပြီ ၂၇ ရက် ဒီကနေ့ပြုလုပ်တဲ့ တိုင်းရင်းသား ငါးပါတီအစည်းအဝေးကနေ ဆုံးဖြတ်တောင်းဆိုလိုက်တာပါ။ အစည်းအဝေးကို ကျားဖြူပါတီ၊ ရခိုင်တိုးတက်ရေးပါတီ၊ မွန်ဒီမိုကရက်တစ်နဲ့ချင်းတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့တာဖြစ်ပြီးကရင်ဒီမိုကရက်တစ်ပါတီကအစည်းအဝေးမတက်ရောက်နိုင်ပေမဲ့ သဘောထားပေးပို့တယ်လို့သိရပါတယ်။

မွန်ဒီမိုကရက်တစ်ပါတီဉက္ကဋ္ဌ နိုင်ငွေသိန်းက အစည်းအဝေးက ဆုံးဖြတ်ချက်များနဲ့ပတ်သက်ပြီး ခုလိုပြောပါတယ်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားတွေနေထိုင်တဲ့နေရာက ငြိမ်းချမ်းရေးတွေလိုအပ်နေတာပေါ့။ အဲဒီငြိမ်းချမ်းရေးအတွက် တည်ငြိမ်ရေးဖြစ်ဖို့အတွက်ကတော့ အစိုးရအဆက်ဆက်ကဆောင်ရွက်ခဲ့သော်လည်းပဲ ယနေ့အထိ လိုအပ်ချက်ရှိနေသေးတယ်။ အဲဒီလိုအပ်ချက်အရက ဒီမိုကရေစီအစိုးရသစ် ကနေပြီးတော့ လိုအပ်တဲ့ ငြိမ်းချမ်းရေးအခြေအနေကို ပြီးပြည့်စုံအောင် အစဉ်တစိုက်ဆောင်ရွက်ပေးသင့်ပါတယ်ဆိုပြီးတော့ အဲလိုမျိုး တောင်းဆိုထားတယ်။"

ဒီတောင်းဆိုချက်အပါအဝင် အချက် ၅ ချက်ကို တောင်းဆိုခဲ့တာပါ။ သမတကြီးရဲ့မိန့်ခွန်းကို တိုင်းရင်းသားငါးပါတီက ကြိုဆိုခဲ့သလို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ကိစ္စလည်းပါဝင်ပါတယ်။ ဒ့ါအပြင်ပြည်နယ်တိုင်း နယ်စပ်ဒေသများမှာ ပြည်မနဲ့တိုးတက်မှုကွာခြားနေတာတွေကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ တောင်းဆိုထားတာဖြစ်ပါတယ်။ ဒီတောင်းဆိုချက်များကို တိုင်းရင်းသားပါတီတွေက ဖြန့်ဝေသွားမှာဖြစ်ပါတယ်။

---

### ပြက္ခဒိန်မှ

**ဧပြီ ၂၉၊** RFA ။ ။ ၂၀၀၃ မေ ၃၀ ဒီပဲယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ၂၀၀၄ မေ အမျိုးသားညီလာခံမစမီတွင် နအဖ အာဏာပိုင်များနှင့် ညှိနှိုင်းသဘောတူညီခဲ့မှုများနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်မှ ပထမဆုံးအကြိမ် RFA မှထုတ်ဖော်ပြောဆို၏။

**ဧပြီ ၂၈၊** RFA ။ ။အီးယူ၏ ဦးစားပေးခွဲခြားမှုစနစ် GSP ရရှိပါရန် ဦးသုဝေ၏ ဒီမိုကရက်တစ်ပါတီမြန်မာအပါအဝင် ပါတီ ၁၁ ခုမှ အီးယူသို့စာရေးတောင်းဆို၏။

**ဧပြီ ၂၈၊** Mizzima ။ ။ အစိုးရလုပ်ဆောင်ချက်များကို ကျယ်ပြန့်စွာစိစစ်နိုင်ရန် လွှတ်တော်၏လုပ်ပိုင်ခွင့်ချဲ့ထွင်ရန် စီစစ်ရေးကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် ဦးအေးမောင် RNDP မှဆို၏။

**ဧပြီ ၂၉၊** RFA ။ ။ အိန္ဒိယ–မြန်မာနယ်စပ်ထိပ်သီးဆွေးနွေးပွဲကို ဧပြီ ၂၈ မှ မေ၂ ထိကျင်းပနေ၏။

**ဧပြီ ၂၉၊** RFA ။ ။ သတ်မှတ်နယ်မြေလွန်က တာဝန်မယူဟု နယ်စပ်အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးအဖွဲ့များအား နအဖ တပ်မှဆို၏။

**ဧပြီ ၂၉၊** RFA ။ ။ အစိုးရသစ်တွင် ၃၅ ဖွဲ့အနက် စစ်တပ်မှ ၂၆ နေရာယူထားပြီး ကျန်နေရာများကို ကြံ့ဖွံ့မှယူထားကြောင်း ဒီမိုကရေစီတက်ကြွလှုပ်ရှားသူ ကျောင်းသားလူငယ်များအဖွဲ့မှ ကိုရန်နိုင်မှဆို၏။ နိုင်ငံရေးအကျဉ်းသားများအားလွှတ်ခြင်း၊ ဒီမိုကရေစီလမ်းကြောင်းကို တကယ်ကျင့်သုံးခြင်းများပြုရန် ဒီမိုကရေစီရေးအင်အားစုကွန်ယက် ၁၁ ဖွဲ့မှ ယနေ့ မြန်မာစစ်အစိုးရ အသွင်ပြောင်းအစိုးရသို့တင်ပြတောင်းဆို၏။

# နျူးကလီယားအကြောင်း သိကောင်းစရာ

**မောင်သုခ**
**အင်တာနက်မှ ကူးယူဖော်ပြပါသည်**

မတ်လ ၁၁ ရက်နေ့တွင် ဂျပန်တနိုင်ငံလုံး (အထူးသဖြင့်အရှေ့၊ မြောက်နှင့်အရှေ့မြောက်ခြမ်း) ကို တုန်ခါသွားစေသည့် ပြင်းအားမဂ္ဂနီကျူ ၉ ရှိသော တိုဟိုကု (Tohoku) ငလျင်ကြီးကြောင့် ၄ ထပ်အဆောက်အအုံအမြင့်ခန့်မြင့်မားသည့် ဆူနာမီရေလှိုင်းကြီးများဖြစ်ပေါ်ပြီး အရှေ့ဘက် ကန်းရိုးတန်းတလျှောက်တွင် ကြီးမားလှသော ပျက်ဆီးဆုံးရှုံးမှုများ၊ အသေအပျောက်အများအပြားဖြစ်ခဲ့သည်။

ထိုအပျက်အစီး အသေအပျောက်များအပေါ်တွင် ထပ်ဆင့်၍စိုးရိမ်ပူပန်စရာ နောက်ဆက်တွဲမှာ ဖူကူရှီးမားဒေသရှိ တိုကျိုလျှပ်စစ်စွမ်းအားထုတ်လုပ်ရေးကုမ္ပဏီ (Tokyo Electric Power Company - TEPCO) ပိုင် နျူကလီးယား လျှပ်စစ်ထုတ်လုပ်ရေး စက်ရုံအမှတ် (၁) မီးလောင် ပျက်စီးကာ ရေဒီယိုသတ္တိကြွရောင်ခြည်များ ထုတ်လွှင့်လာသည့် အန္တရာယ်ကြီးဖြစ်လေသည်။

အားလုံးသိထားကြသည်မှာနျူကလီးယားရောင်ခြည်ဆိုသည်မှာ အန္တရာယ်ကြီးမားသည်၊ အဝေးကိုပျံ့လွှင့်လာနိုင်သည်၊ ထို့ကြောင့် ဝေး နိုင်သမျှဝေးဝေးကို ပြေးတာကောင်းသည် ဆိုတာပဲဖြစ်သည်။ထိုစိုးရိမ်ပူပန်မှုနှင့် အဝေးသို့ရှောင်ပြေးခြင်းမှာ မမှားယွင်းသော်လည်း လိုသည်ထက်ပိုသော ထိတ်လန့်ကြောက်ရွံ့မှုများ၊ အလောသုံးဆယ်ပြုလုပ်မှုများသည် မလိုလားအပ်သော နောက်ဆက်တွဲများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဂျပန်ရောက်မြန်မာနိုင်ငံသားများအနေဖြင့် ထိုဆိုးကျိုးများကိုရှောင်ရှားနိုင်ရန် အချိန်နှင့်တပြေးညီ ထုတ်ပြန်နေသောမှန်ကန်သည့်အချက်အလက်များ၊ နည်းပညာဆိုင်ရာရှုထောင့်မှ အမြင်များကို တတ်စွမ်းသရွေ့ စုစည်းတင်ပြလိုက်ပါသည်။

ပြဿနာ ရင်းမြစ်

ဖူကူရှီးမား အမှတ် (၁) စက်ရုံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော Reactor စုစုပေါင်း ၆ လုံးရှိသည်။ ယခု ပြဿနာဖြစ်နေသော စက်များမှာ ယူနစ် ၁၊ ၂၊ ၃ နှင့် ၄ တို့ ဖြစ်သည်။ ယူနစ် ၁၊ ၂၊ ၃ တို့သည် ငလျင်နှင့် ဆူနာမီဝင်ချိန်က လည်ပတ်နေဆဲ စက်များဖြစ်ပြီး ယူနစ် ၄၊ ၅၊ ၆ သည် ပြုပြင်ထိန်းသိမ်းရန်အတွက် ရပ်နားထားသော စက်များဖြစ်သည်။

စက်အားလုံးသည် ငလျင်လှုပ်သည်နှင့် အလိုအလျောက်ရပ်နားသွားစေရန် ဒီဇိုင်းလုပ်ထားသည်။ အမှန်တကယ်လည်း ငလျင်လှုပ်ချိန်တွင် စက်ယူနစ် ၁ နှင့် ၃ တို့ ရပ်ဆိုင်းသွားသည်။ ပြဿနာမှာ ငလျင်နောက်မှ ပါလာသည့် အလွန်အားပြင်းသော ဆူနာမီလှိုင်းများဖြစ်သည်။ ထိုဆူနာမီလှိုင်းများက အရေးပေါ်လျှပ်စစ်ထုတ်ဂျင်နရေတာများကို ဖျက်ဆီးသယ် ဆောင်သွားခဲ့သည်။

Reactor များသဘောမှာ စက်လည်ပတ်မှုရပ်ထားချိန်တွင်လဲ နျူကလီးယားလောင်စာများအား ဆက်လက်အအေးခံထားရန် လိုအပ်သည်။ အအေးခံစက်အလုပ်လုပ်ပုံမှာ အတွင်းမှ ရေပူများကိုရေအေးများနှင့် အစားထိုးလည်ပတ်စေခြင်းဖြင့် အတွင်းမှ အပူချိန်နှင့်ဖိအားကို ထိန်းညှိပေးရသည်။

နျူကလီးယားပါဝါ လျှပ်စစ်ထုတ်လုပ်ခြင်း အခြေခံသဘောတရားမှာ နျူကလီးယားလောင်စာဟုခေါ်သော ယူရေနီယံလောင်စာချောင်းများကို ဓာတ်ပြုစေရန် လှုံ့ဆော်ပေးခြင်းဖြင့် အပူစွမ်းအင်ကိုထုတ်လုပ်ရရှိသည်။ ထိုအပူစွမ်းအင်ဖြင့် ရေကိုအပူပေးပြီး ရေငွေ့ကိုထုတ်လုပ်သည်။ ထိုရေငွေ့ဖြင့် တာဘိုင်ကိုလည်ပတ်စေပြီး လျှပ်စစ်ဓါတ်အားကို ထုတ်လုပ်သည်။

လောင်စာချောင်းများသည် အလွန်ပူပြင်းသော အပူစွမ်းအင်ကိုထုတ်လွှတ်သောကြောင့် ထိုအပူကို ပြန်လည်ထိန်းချုပ်ရန်ရေအေးကို မပြတ်သွင်းပေးရသည်။ စက်ကို ရပ်နားခြင်းဆိုသည်မှာ ထိုလောင်စာချောင်းများကို Rreaction ဖြစ်အောင်လှုံ့ဆော်ခြင်း (Excitation mechanism) ကို ရပ်နားခြင်းဖြစ်ပြီး၊ လောင်စာချောင်းများ လုံးဝဓာတ်ပြုမှုရပ်သွားသည့်အချိန်အထိ လပေါင်းများစွာ အအေးခံထားရန်လိုအပ်သည်။

ယခုဖြစ်စဉ်တွင် အရေးပေါ် လျှပ်စစ်ထုတ်စက် ဂျင်နရေတာများအလုပ်မလုပ်တော့သဖြင့် အအေးခံစနစ်တခုလုံး ရပ်ဆိုင်းသွားပြီး အတွင်းမှ နျူကလီးယားလောင်စာများ အပူချိန်မြင့်မားလာသည်။ ထို့ကြောင့် ရေငွေ့ပြန်မှု အထိန်းအဆမရှိ များပြားလာပြီး Reactor core အတွင်းမှ ရေချိန်လည်းကျသွားသည်။

ရပ်ဆိုင်းထားသော ယူနစ် ၃ စက် ပေါက်ကွဲမှုသည် တခြားစက်များနှင့်မတူဘဲ ရေဒီယိုရောင်ခြည်များကို ပိုမိုလွှင့်ထုတ်နေသည်။ အကြောင်းရင်းမှာ စက်ရပ်ထားသော်လည်း အအေးခံထားသော လောင်စာချောင်းများထားရာ ကန်သည် အလွန်ထူသော သံမဏိဖြင့်ပြုလုပ်ထားသည့် ဖိအားမြင့်ခံနိုင်ရည်ရှိသော Reactor core အတွင်းရှိနေသည်မဟုတ်ဘဲ core အပြင်ဘက် ကပ်လျက်ရှိ အအေးခံရာ ကန်တွင်ရှိနေသည်။

ဖူကူရှီးမား Reactor မှာ အလွန်ခိုင်ခံ့သော အကာအရံ Containment သုံးထပ်ရှိသည်။ နျူလောင်စာဓာတ်ပြုရာ အတွင်းဆုံးလွှာမှာ (၁) ဖိအားမြင့် ခံနိုင်ရည်ရှိသော ထုထဲသည့် စတီးကန်၊ (၂) အသုံးပြုပြီးလောင်စာ စသည်တို့ အအေးခံရာနေရာကို လွှမ်းခြုံထားသော သံမဏိအပြင်ဘက်သိုလှောင်ကန်နှင့် (၃) ထိုအတွင်း ၂ လွှာကိုလွှမ်းခြုံထားသည့် အလွန်ထူသော ကွန်ကရစ် Structure တို့ဖြစ်သည်။

အအေးခံစနစ် ပျက်သွားသောအခါ လောင်စာချောင်းများအပူချိန်မြင့်တက်လာပြီး ရေအားလုံး ရေငွေ့ဖြစ်ကာ ထိုမှတဆင့် ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင် ဓာတ်ကွဲသွားပြီး ကွန်ကရစ် Structure အမိုးနားတွင်း ဟိုက်ဒရိုဂျင်သိပ်သည်းဆ အားလွန်ကဲပြီး ပေါက်ကွဲခြင်းဟုယူဆကြသည်။

အအေးခံခန်းသည် အလွန်ထူသော စတီး Core အတွင်းမရှိဘဲအပြင်သံမဏိခန်း (ကွန်ကရစ်အဆောက်အအုံအတွင်း) ရှိနေသဖြင့် စက်ယူနစ် ၃ ပေါက်ကွဲမှုသည် လေထုအတွင်း ရေဒီယိုသတ္တိကြွရောင်

**စာမျက်နှာ ၁၅ သို့**

# ဆက်ဆံရေး တိုးမြှင့်ဖို့ မြန်မာအစိုးရသစ်ကို အမေရိကန်အစိုးရတိုက်တွန်း

**RFA ။ ဧပြီလ ၂၆ ။** ။ မြန်မာအစိုးရအနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေး တိုးမြှင့်ခြင်းအားဖြင့် အကျိုးရှိနိုင်ကြောင်း၊ မြန်မာအစိုးရဟာ နောက်ဆုံးမှာတော့ နိုင်ငံတကာ အသိုင်းအဝန်းနဲ့ မလွဲမသွေပေါင်းသင်းဆက်ဆံရမှာဖြစ်ကြောင်းမြန်မာနိုင်ငံကိုမကြာခင်က သွားရောက်ခဲ့တဲ့ အမေရိကန် ဒု-လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်က ပြောဆိုလိုက်ပါတယ်။

မြန်မာ့တပ်မတော် စစ်မြေပြင်အင်ဂျင်နီယာ တပ်သားဟောင်း တဦးဖြစ်သူ ဦးမျိုးမြင့်ရဲ့ကိုယ်တွေ့ဘဝကို Burma Soldier (မြန်မာစစ်သား) လို့အမည်ပေးရိုက်ကူးထားတဲ့ မှတ်တမ်းရုပ်ရှင်ကို ဝါရှင်တန်ဒီစီမြို့တော်၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဧပြီလ ၂၅ ရက်မနေ့က ညနေပိုင်းက အထူးပွဲပြသခဲ့ရာမှာ သူက အခုလိုပြောဆိုခဲ့တာဖြစ်ပါတယ်။ အခမ်းအနားတက်ရောက်သူ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကတ်ကင်းမ်ဘဲလ်ကလည်း မြန်မာနိုင်ငံနဲ့ ၁ နှစ်ခွဲခန့် အနီးကပ်ဆက်ဆံခဲ့ပေမဲ့ အကျိုးဖြစ်ထွန်းမှု မရှိခဲ့ကြောင်းပြောဆိုကာ မြန်မာအစိုးရကို ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ဖို့ နှိုးဆော်သွားပါတယ်။

မှတ်တမ်းရုပ်ရှင်ထဲက ဦးမျိုးမြင့်ဟာ မြန်မာ့တပ်မတော်မှာ တာဝန်ထမ်းဆောင်ရင်း တိုက်ပွဲတခုမှာ ခန္ဓာကိုယ်အစိတ်အပိုင်းတချို့ ဆုံးရှုံးခဲ့ပါတယ်။ စစ်တပ်က ထွက်ခဲ့ပြီးနောက် ၈၈ အရေးတော်ပုံမှာပါဝင်မှုနဲ့အကျဉ်းထောင်တွေထဲမှာ ၁၅ နှစ်ခန့် နေခဲ့ရပြီးနောက်နယ်စပ်က တဆင့် အမေရိကန်ပြည်ထောင်စုကို ခိုလှုံရောက်ရှိနေသူဖြစ်ပါတယ်။ Burma Soldier ဇာတ်ကားနဲ့ပတ်သက်ပြီးအမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကတ် ကင်းမ်ဘဲလ်က ခုလို ပြောပါတယ်။

ဒီမှတ်တမ်းတင်ကားဟာ ကျနော်ကြည့်ခဲ့ဖူးတဲ့ အဖြစ်အပျက်တွေထဲမှာ စိတ်အာရုံ အထိခိုက်ဆုံး မှတ်တမ်းတခုဖြစ်ပါတယ်၊ ကြည့်ရှုသူကိုယ်တိုင် ညှဉ်းပမ်းနှိပ်စက်ခံနေရသလိုပါပဲ ၊ ဒါပေမဲ့ တပြိုင်နက်တည်းမှာပဲ နေ့စဉ်ဘဝတွေကို ပင်ပင်ပန်းပန်း ရုန်းကန်နေရတဲ့လူတွေရဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ အင်အားတွေကိုလေးစားစရာတွေ့မြင်ရပါတယ်လို့ မစ္စတာ ကတ် ကင်းမ်ဘဲလ်ကပြောသွားပါတယ်။

ဧည့်ပရိသတ် ၂၀၀ နီးပါး တက်ရောက်တဲ့ အခမ်းအနားမှာဒီမှတ်တမ်းရုပ်ရှင်မှာပါဝင်သူ ကာယကံရှင် ဦးမျိုးမြင့်ကလည်း မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးနဲ့နယ်စပ်ဒုက္ခသည် စခန်းတွေက ဒုက္ခသည်တွေကို နိုင်ငံတကာက ပိုမိုလက်ခံကူညီကြဖို့တိုက်တွန်း ပြောဆိုသွားပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အခုလို လာရောက်တာနဲ့ ပတ်သက်ပြီး ဦးမျိုးမြင့်က RFA ကို ခုလို ပြောပြပါတယ်။

“ဗမာ့တပ်မတော်ကနေပြီးတော့ ရှေ့တန်း စစ်မြေပြင်ဒေသတွေမှာ လူမျိုးစုတွေအပေါ်မှာ ဗမာ့တပ်မတော်က လုပ်နေတဲ့ humanrights violations ပေ့ါဗျာ။ ဒီလို နိုင့်ထက်စီးနင်းလုပ်နေတဲ့ကိစ္စကို အဲဒီဥစ္စာကိုပဲ ဖောင်းပေးပြီးပြောချင်တာ၊ သိစေချင်တယ်။”

အဲဒီရုပ်ရှင်ပြပွဲကို အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာကတ်ကင်းမ်ဘဲလ်နဲ့အတူ ဒုလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန် ၊ လူဦးရေ၊ ဒုက္ခသည်နဲ့ ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး အဲရစ်ရှုဝပ်နဲ့ စစ်ရာဇဝတ်မှုရုံးအကြီးအကဲ ဒေါက်တာဒိုင်ယန်းတို့အပြင် Burma Soldier ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ မစ္စဂျူလီလည်းတက်ရောက်ပြောကြားခဲ့ပါတယ်။

---

# ဝက်သားများ မစားကြရန် နှိုးဆော်

**DVB ။ ဧပြီလ ၂၇ ။** ။ ဝက်နားရွက်ပြာရောဂါကြောင့် သေဆုံးတဲ့ ဝက်တွေကို မစားကြဖို့၊ အရောင်းအဝယ်မလုပ်ကြဖို့ မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာနက တားမြစ်နှိုးဆော်လိုက်ပါတယ်။ မွေးမြူရေးနဲ့ကုသရေးဌာနရဲ့ ကာကွယ်ရေးဆိုင်ရာ အချက် ၇ ချက်နဲ့ ဒီကနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ နှိုးဆော်လိုက်တာပါ။

ဒ့ါအပြင် ဒီရောဂါဖြစ်ရင် တိမွေးကုဌာနနဲ့ သက်ဆိုင်ရာကို အကြောင်းကြားဖို့၊ နာမကျန်းဝက်တွေကို သီးသန့်ခွဲထားဖို့နဲ့ ခြံထွက်ပစ္စည်းတွေ ရွှေ့ပြောင်းရောင်းချမှု လုံးဝမလုပ်ဖို့၊ ဝက်သေတွေကို စနစ်တကျမြေမြှုပ်ပြီး ပိုးသတ်ဆေးဖျန်းဖို့ ရောဂါဖြစ်တဲ့ခြံဝန်းကျင်မှာ သန့်ရှင်းရေးလုပ်ပြီး ပိုးသတ်သန့်စင်ဖို့၊ မြို့နယ်စည်ပင်သာယာ အဖွဲ့ပိုင်စျေးတွေကသာ ဝက်သားဝယ်ယူ စားသုံးကြဖို့၊ ကျန်းမာတဲ့ဝက်တွေ ဝယ်ယူသယ်ဆောင်ရောင်းချချင်ရင် မွေးမြူရေးနဲ့ကုသရေးဌာနထံက ကျန်းမာကြောင်း ထောက်ခံချက်ရယူဖို့ စတာတွေကိုနှိုးဆော်ထားပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ နေပြည်တော်ကောင်စီနယ်မြေထဲက မြို့နယ်တချို့မှာ ဝက်နားရွက်ပြာရောဂါဖြစ်ပွား၊ သေဆုံးနေတာကြောင့် ကြိုတင်ကာကွယ်နိုင်ဖို့ထုတ်တာလို့ ရေးပါတယ်။ ရောဂါဖြစ်ပွားမှုနဲ့ သက်ဆိုင်တဲ့ အသေးစိတ်တွေကိုတော့ဒီနှိုးဆော်ချက်မှာ ဖော်ပြမှုမရှိပါဘူး။ ဒီနှိုးဆော်ချက်ဟာ အရင် က ၇၀ ဒီဂရီစင်တီဂရိတ် အပူပေးရင်စားနိုင်တယ်လိုတာဝန်ရှိသူတွေရဲ့ ပြောကြားချက်အပေါ် လွှမ်းမိုးသက်ရောက်မှာဖြစ်ပါတယ်။ ဒီဗွီဘီက မေးမြန်းချက်တွေအရ ဝက်နားရွက်ပြာရောဂါဟာ လွန်ခဲ့တဲ့ ၂ လခန့်ကစဖြစ်တဲ့ မန္တလေးမြို့မှာ ရောဂါကူးစက်သေဆုံးမှုနည်းသွားပေမယ့်မကွေးတိုင်းထဲက ရေနံချောင်းမြို့နဲ့ တောင်တွင်းကြီးမြို့တွေမှာ လက်ရှိရောဂါကူးစက် ပြန့်ပွားနေပြီး ကျေးရွာအုပ်စုတွေဆီကို ကူးစက်နေပါတယ်။

ဝက်မွေးမြူရေးသမားတွေက ဒီရောဂါဟာ မကြုံဖူးဘဲ ဝက်နာတာနဲ့ကုသဖို့ ဆေးမမီလောက်အောင် သေဆုံးတာ မြန်ဆန်လွန်းတယ်လို့ ဆိုပါတယ်။ ရောဂါဖြစ်တဲ့ဒေသတွေမှာ ဒေသခံတွေက ဝက်သားစားသုံးမှုကို ခေတ္တရှောင်ရှားကြသူတွေရှိနေသလို စျေးသက်သာလို့ စားသုံးသူတွေလည်းရှိပါတယ်။ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာန ဒုညွှန်မှူး ဒေါက်တာအောင်ကြီးက ဒီလ ၁၉ ရက်နေ့ မီဒီယာတွေကို ပြောကြားရာမှာ ဝက်နားရွက်ပြာရောဂါကာကွယ်ဆေးကို ပြည်တွင်းမှာထုတ်ဖို့ စီစဉ်ထားတဲ့အကြောင်းနဲ့ တလလောက်ကြာရင် အက်ဖ်အေအိုပညာရှင်တွေ ရောက်လာဖို့ရှိတဲ့အကြောင်း ဆဲဗင်းဒေးဂျာနယ်မှာရေးပါတယ်။

---

**စာမျက်နှာ ၁၄ မှ**

ခြည်များပျံ့ လွင့်မှုအန္တရာယ်ပိုရှိသည်။ ကန်အတွင်းရေလုံးဝကုန်ခမ်းသွားပြီးလောင် စာချောင်းများ အားလုံးပေါ်လာလျှင် မိမိအပူချိန်ဖြင့် အရည်ပျော်ကာ လုံးဝအရည်ပျော်ကျသည့်ဖြစ်စဉ် (Total meltdown) ဖြစ်လာနိုင်သည်။ Total meltdown ဖြစ်လျှင် ဓာတ်ရောင်ခြည်များကို အများဆုံးထုတ်လွှင့်လာပြီး ထိန်းချုပ်ရန် မဖြစ်နိုင်တော့သော အခြေအနေကိုရောက် နိုင်သည်။

အဆိုးဆုံး အခြေအနေက ဘာလဲ...

**ဆက်လက်ဖော်ပြပါမည်**

# မြန်မာနိုင်ငံ လက်ရှိအခြေအနေ ဂျပန်ကုန်သည်ကြီးများအသင်းကို တင်ပြ

**RFA ၊ ဧပြီ ၂၄ ။** ။ မြန်မာနိုင်ငံမှာ အခုအချိန်ကာလဟာ စစ်အစိုးရက အရပ်သားအစိုးရအဖြစ် ပြောင်းလဲသွားပေမဲ့ နိုင်ငံရေးအကျဉ်းသားတွေရှိနေဆဲ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေဆဲစတဲ့ အချက်အလက်တွေပါဝင်တဲ့ စာတစောင်ကို ဂျပန်ကုန်သည်ကြီးများအသင်းကို မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ဧပြီ ၂၆ ရက်ဒီကနေ့ ပေးအပ်လိုက်တဲ့အပြင် လက်ကမ်းစာစောင်တွေကိုပါ ဝေငှခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်ပြီး မြန်မာအစိုးရသစ်ရဲ့ ဂျပန်နိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင့်က ဂျပန်ကုန်သည်ကြီးများ အသင်းတိုက်မှာ ဟောပြောနေချိန်မှာ အခုလိုလုပ်ခဲ့ကြတာလို့ သိရပါတယ်။

ဒီအကြောင်းတွေကို ဂျပန်ကုန်သည်ကြီးများ အသင်းတိုက်မှာ စာသွားပေးအပ်ရာမှာ ကိုယ်တိုင် ပါဝင်ခဲ့တဲ့ NDB မြန်မာနိုင်ငံ ဒီမိုကရေစီကွန်ရက်(ဂျပန်)က ကိုဘုန်းလှိုင်က အခုလိုပြောပြပါတယ်။

"သူတို့လည်း ကျွန်တော်တို့ရှင်းပြတဲ့အခါ သူတို့လည်းနားလည်တဲ့အကြောင်းပြောပြပါတယ်။ သူတို့ဖက်က ပြောတာပေါ့နော်၊ ဗမာတွေလောက် နားမလည်တဲ့အတွက်ကြောင့်မို့ ခုလိုလာပြီး ရှင်းပြပေးတာကျေးဇူးတင်တဲ့အကြောင်း ပြောပြတယ်။ ကျွန်တော်တို့က ပြောတာစစ်အစိုးရက အရင်မျက်နှာစာမှာ ရှေ့ထွက်နေရာကနေပြီးတော့နောက်ကို ဆင်းထိုင်တာပဲရှိတာလို့။ သူတို့ တကယ်တမ်း အနားယူသွားတာမဟုတ်ဖူးဆိုတဲ့အကြောင်းပြောပြတယ်လေ။ သူတို့ကတော့ အရပ်သားအစိုးရတက်လာတယ်ဆိုတော့ ပြောင်းသွားပြီလို့ ထင်တယ်ပေါ့။ သူတို့က လည်း diplomacy အရ ပြောတယ်လို့ ထင်တာပေါ့နော်။"

NDB အဖွဲ့ဝင်တွေ သွားရောက်ကြတဲ့ ဂျပန်ကုန်သည်ကြီးများအသင်းတိုက်ရှေ့မှာ ဆိုင်းဘုတ်နစ်ခုကိုပါ ကိုင်ဆောင်ထားတာနဲ့ ပတ်သက်လို့လည်း ကိုဘုန်းလှိုင်ကပဲ ရှင်းပြသွားပါတယ်။

"စာတမ်းကိုင်တာက နှစ်မျိုး ကျွန်တော်တို့ ကိုင်တယ်။ မြန်မာပြည်မှာ စီးပွားရေးသွားလုပ်မယ်ဆိုရင် သေသေချာချာလေ့လာပြီးမှလုပ်ဖို့ဆိုတဲ့ စာတမ်းရယ်၊ နောက်တခါ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ နိုင်ငံရေးအကျဉ်းသားတွေ မလွှတ်ပေးတာတွေ၊ တိုင်းရင်းသားဒေသတွေမှာ ထိုးစစ်ဆင်နေတာတွေ၊ ဒါတွေကို အစိုးရအပြောင်းအလဲဖြစ်တယ်လို့ သူတို့က ပြောနေပေမဲ့ ကမ္ဘာမှာပြနေပေမဲ့ တကယ်တမ်းဘာမှ ပြောင်းလဲမှုမရှိဘူး၊ အဲဒါကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှု မလုပ်ပါနဲ့ဆိုတဲ့စာတမ်း၊ အဲဒီ နှစ်မျိုး ကျွန်တော်တို့ ကိုင်တယ်ပေါ့နော်။ ဂျပန်လိုကိုင်တာပေါ့။ "

ဒ့ါပြင် NDB အဖွဲ့ဝင် ကိုကျော်ကျော်စိုးကလည်း NLD ဗဟိုကထုတ် ပြန်ထားတဲ့ စီးပွားရေး သုံးသပ်ချက်နဲ့ Switzerland နိုင်ငံ Davos မြို့ က နိုင်ငံတကာ စီးပွားရေးညီလာခံ ကို ဒေါ်အောင်ဆန်းစုကြည်ပေးပို့လိုက်တဲ့ သဝဏ်လွှာကိုလည်း ဂျပန်ကုန်သည်ကြီးများသင်းကလေ့လာနိုင်အောင် ပေးခဲ့သေးတယ်လို့ပါ ဖြည့်စွက်ပြောကြားသွားပါတယ်။

---

# မိုးရွာသွန်းမှုကြောင့် ဆားလုပ်ငန်းရှင်များ အရှုံးပေါ်

**DVB ၊ ဧပြီ ၂၇ ။** ။ မတ်လလယ်ကစပြီး အခုဧပြီလလယ်လောက်အထိ မိုးတွေ ရွာသွန်းမှုတွေကြောင့် ဆားလုပ်ငန်းရှင်တွေ ဆုံးရှုံးမှုတွေဖြစ်ပေါ်တဲ့အတွက် လာမယ့်နှစ် ဆားရာသီမှာ လုပ်ငန်းပြန်လုပ်နိုင်မယ့်သူ လျော့နည်းသွားနိုင်တယ်လို့ ဆားလုပ်ငန်းရှင်တွေက ပြောပါတယ်။

ဆားအများဆုံးထုတ်လုပ်တဲ့ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှာ မတ်လလယ်က အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့တာကြောင့် ဆားတွေ အထွက်နှုန်းလျော့ နည်းခဲ့ရသလို အခုရက်ပိုင်းမှာ မိုးထပ်ရွာတဲ့အတွက် ဆားလုပ်ငန်းကို ရပ်နားလိုက်ရ ပြီလို့ ဆားလုပ်ငန်းရှင်တဦးက ပြောပါတယ်။ ဒီနှစ်ဆားရာသီမှာ မိုးဖျက်တဲ့အတွက် ဆားလုပ်ငန်းရှင်တွေအနေနဲ့ ဆုံးရှုံးရ ပုံနဲ့ ကြုံတွေ့ရမယ့် အခက်အခဲကို သူက ခုလို ရှင်းပြပါတယ်။

"၂၅ရက်နေ့ကမိုးရွာသွားတယ်။ ၂၆ရက်နေ့လည်းမိုးရွာတယ်ဆိုတော့ ဆားလုပ်ငန်းရှင်တွေက လုပ်ငန်းရပ်ဆိုင်းသွားပြီပေါ့။ တောက်လျှောက် နေပူရင်တော့တမျိုးပေါ့။ အခုတော့ ရပ်နားသလောက်ဖြစ်သွားပြီ။ ရေက ကွင်းထဲကို ၂ လက်မလောက် တင်သွားတယ်။ အခုလက်ရှိအခြေ အနေအတိုင်းရပ်ဆိုင်းသွားပြီဆိုရင်တော့ ပုံမှန်ရာသီ ဆားအထွက်ထက် လေးချိုးတစ်ချိုး ထက်မပိုနိုင်ပါဘူး။ လုပ်ငန်း ရှင်တွေအတွက်တော့ ဆားဈေးမကောင်းတဲ့ အချိန်မှာမှရာသီကဖျက်တော့ ဆားက လက်ထဲကိုမရှိကြတော့တဲ့ အခြေအနေမှာများတယ်ဆိုတော့ လာမယ့်နှစ်ရာသီမှာ ဆားလုပ်ငန်းရှင်တော်တော် များများဆက်ပြီးတော့လျော့အုန်းမှာပေါ့။ ဒီနှစ်မှာလည်း ဆားရာသီမှာ ဆားမဖော်နိုင်လို့နားထားရတဲ့လူတွေရှိသလို ဒီရာသီအခြေအနေနဲ့ လုပ်စားရတဲ့ ဒီနှစ် ဒီလူတွေကလည်း လာမယ့်နှစ်မှာ တော်တော်များများ ထပ်နားရဦးမယ်။"

ပုံမှန်အားဖြင့် ဧပြီလကုန် မေလဆန်းမှာ ဆားလုပ်ငန်းတွေ ရပ်လေ့ရှိပေမယ့် ပြီးခဲ့တဲ့မတ်လလယ်က အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့အတွက် ကျုံးရမယ့်ဆားတွေ မကျုံးနိုင်ဘဲ ဆုံးရှုံးခဲ့ရတာပါ။ တခါ ရက် ၂၀ လောက်အတွင်းဆားတွေပြန်လုပ်ရာမှာလည်း ဒီရက်ပိုင်းမှာ မိုးထပ်ရွာတဲ့အတွက် ဆားအနည်းငယ်သာ ကျုံးနိုင်ခဲ့ကြပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့်ဆားအထွက်နှုန်းဟာ ခါတိုင်းနှစ်တွေထက် သုံးပုံတပုံသာရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာ ဆားလုပ်ငန်းရှင် တဝက်လောက်သာ ပြန်လုပ်နိုင်မယ်လို့ ဆားလုပ်ငန်းရှင်က ပြောပါတယ်။

"အခု ဒီနှစ်ဖော်တဲ့ လူဦးရေရဲ့ အနည်းဆုံး နောက်တဝက်လောက်တော့ ပြုတ်ဦးမှာပဲ။ ဆားဈေးတက်လည်း လုပ်ငန်းရှင်က ပြန်လုပ်နိုင်တဲ့အနေအထားမရှိဘူးဆိုတာ ရင်းစရာငွေ အခက်အခဲကြောင့် နောက်ထပ်မလုပ်နိုင်လို့ နားကြရမယ်။"

၂၀၀၈ က တိုက်ခိုက်တဲ့ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဆားကွင်းတွေတွေအ တော်များများ ပျက်စီးခဲ့ပါတယ်။ အဲဒီဆားကွင်တွေ ပြန်လည်ထူထောင်နိုင်ရေးအတွက် အစိုးရဘက် ချေးငွေစနစ်နဲ့ ကူညီထောက်ပံ့မှုတွေရှိခဲ့ပေမယ့်လုပ်ငန်းခွင်အဆင်မပြေမှုတွေ၊ ရာသီဥတုဖောက်ဖျက်မှုတွေကြောင့် ဆားလုပ်ငန်းရှင်တွေက ချေးငွေအတိုးကို ပြန်မဆပ်နိုင်ကြပါဘူး။ ဒါကြောင့် လာမယ့်နှစ်လုပ်ငန်းပြန်လည်ထူထောင်ဖို့အတွက် လိုအပ်တဲ့ ရင်းနှီးငွေကို အစိုးရထံကထပ်မံချေးချင်ပေမယ့် အစိုးရက ချေးပေးလိမ့်မယ် မထင်ပါဘူးလို့ ဆားလုပ်ငန်းရှင်တွေပြောပါတယ်။ ဧရာဝတီတိုင်း လပွတ္တာမှာ ရာသီဥတုကြောင့် ဆားအထွက်လျော့သလို မွန်ပြည်နယ်ထဲက ဆားလုပ်ငန်းတွေလည်း မိုးကြောင့်ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ ဒါကြောင့် မွန်ပြည်နယ်အတွင်း ဆားဈေးနှစ်ဆတက်တယ်လို့ လွတ်လပ်သော မွန်သတင်းအေဂျင်စီမှာ ဖော်ပြထားပါတယ်။

# Nanotechnology အကြောင်း တစေ့တစောင်း

**ခင်မမမျိုး**

၂၁ရာစု ကမ္ဘာ့နည်းပညာလောကမှာ နယူးကလီးယားနည်းပညာနဲ့အပြိုင် နာမည်ကြီးလာတဲ့ နည်းပညာ ဆန်းတခုကတော့ နာနိနည်းပညာ (Nanotechnology) ပဲ ဖြစ်ပါတယ်။ ဒီနည်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး၊ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေမှာအပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လာကြပါတယ်။ Venture Capital Investor ဖြစ်တဲ့ Steve Jurvetson က နာနိနည်းပညာဟာစက်မှုတော်လှန်ရေးလှိုင်းလုံးတခုဖြစ်လာနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းပြောဆိုလာခဲ့ပါတယ်။

## နာနိနည်းပညာ ဆိုရာဝယ်

နာနိနည်းပညာဆိုတာ အလွန်သေးငယ်တဲ့ အရာဝတ္ထုများဆိုင်ရာနည်းပညာဖြစ်ပါတယ်။ တစ်နာနိမီတာဟာ အက်တမ် ၅ခုရဲ့ အကျယ် အဝန်းခန့်သာ ရှိပြီး၊ 10-9 m နဲ့ ညီမျှပါတယ်။ DNA strand တခုဟာ နှစ်နာနိမီတာရှိပြီး၊ သွေးနီဥဆဲလ်ရဲ့ အကျယ်အဝန်းက ၇၀၀၀ နာနိမီတာရှိပါတယ်။ လူ့ဆံပင်ရဲ့ဆံချည်မျှင်ဟာ ၈ သိန်းနာနိမီတာနဲ့ ညီမျှပြီး၊ ပရွက်ဆိတ်တကောင်ရဲ့အရွယ်အစားဟာ ငါးသန်းနာနိမီတာနဲ့ညီမျှပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိ၊ သက်မဲ့အရာဝတ္ထုတွေအားလုံးဟာ အက်တမ်နဲ့ ဖွဲ့စည်းထားတာ ဖြစ်တဲ့အတွက် နာနိ နည်းပညာကို အသုံးပြုပြီး၊ အက်တမ်လေးတွေနဲ့ အရာဝတ္ထုတွေကို ဖွဲ့စည်းတည်ဆောက်လို့ရပါတယ်။

## နာနိနည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုးများ

နာနိအရွယ်အစား ရှိဘော့တွေဖြစ်တဲ့ နာနိဘော့တွေကိုတည်ဆောက်လာနိုင်ခဲ့ရင် လူ့လောကအတွက် အကျိုးကျေးဇူးရှိစေမယ်လို့လဲ သိပ္ပံပညာရှင်တွေက ခန့်မှန်းသတ်မှတ်ထားကြပါတယ်။ ဥပမာ- မော်လီကျူးအနည်းငယ်သာပါဝင်တဲ့ ဆေးဘက်ဆိုင်ရာနာနိဘော့ တွေကို တည်ဆောက်လာနိုင်ခဲ့ရင် ကင်ဆာဆဲလ်တွေကိုဖျက်ဆီးတာ တွေ၊ သွေးကြောမျှင်လေးတွေကို ပြင်ဆင်တာတွေနဲ့ တစ်ရှုးတွေ တည်ဆောက်မှုတွေကို ပြုလုပ်နိုင်မယ်လို့ တွက်ဆပြီး သုတေသနတွေပြုလုပ်နေကြပါတယ်။

အခုဆိုရင် နာနိနည်းပညာကို အသုံးပြုပြီး ရေသန့်စင်စနစ် တီထွင်ဖို့ သုတေသနပြုမှုတွေ၊ အစားအစာတွေရဲ့ အရသာနဲ့ပါဝင်မှုတွေကို လိုအပ်သလိုပြောင်းလဲနိုင်ဖို့ သုတေသနပြုမှုတွေ၊ ကာကွယ်ဆေးနဲ့ရောဂါကုသရေး နည်းပညာသစ် ရှာဖွေရေးအတွက် သုတေသနပြုမှုတွေ အများအပြား ရှိနေပါပြီ။ Estrasorb လို့ အမည်ရှိတဲ့ skin lotion ဟာ ကမ္ဘာ့ဆေးဝါးဈေးကွက်ထဲကို ပထမဆုံး ဝင်ရောက်လာတဲ့ နာနိနည်းပညာ အသုံးပြုဆေးဝါးဖြစ်ပါတယ်။

နာနိနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာအောင် သုတေသနပြုခြင်းအားဖြင့် နေရောင်ခြည်ဆဲလ်တွေကိုထုတ်လုပ်လာနိုင်မယ်လို့ ယူဆပြီး အကောင်အထည်ဖော်နေကြတဲ့ သုတေသန စီမံကိန်းတွေလဲရှိပါတယ်။ ရေနံယိုစိမ့်မှုတွေ ဖြစ်ပွားတဲ့ အခါ oil spill ထဲမှာပါဝင်တဲ့ အက်တမ်တွေကို သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် နာနိပိုက်လိုင်းလေးတွေနဲ့ ပြောင်းလဲ ပြုပြင်နိုင်ရေး အတွက် ကြိုးပမ်းနေကြတဲ့ သုတေသနစီမံကိန်းတွေလဲ ရှိပါတယ်။

ရောဂါရှာဖွေကုသရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်းတွေအတွက် နာနိနည်းပညာရဲ့အကျိုးကျေးဇူးတွေကို လေ့လာသုတေ သနပြုနေဆဲမှာပဲ၊ဈေးကွက်ထဲရောက်လာတဲ့ နာနိနည်းပညာအသုံးပြု ကုန်ပစ္စည်းတွေဖြစ်တဲ့ နေရောင်ကာမှန်တွေ၊ spray ဗီတာမင်တွေနဲ့ wrinkle-resistant fabric တွေရဲ့ အကျိုးကျေးဇူးတွေကိုလဲ စားသုံးသူအချို့ ခံစားနေကြရပါပြီ။

သို့ပေမယ့်လဲ လုံခြုံရေး ဆန်းစစ်လေ့လာသူ ပညာရှင်အချို့ကတော့ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ သတင်းနဲ့နည်းပညာ၊ စွမ်းအင်၊ ဆေးဝါးပစ္စည်း၊ ထောက်လှမ်းရေးကိရိယာနဲ့ စစ်လက်နက်ပစ္စည်းဆန်းသစ်တီထွင်ရေးတို့အတွက် အကျိုးကျေးဇူးတွေ ဆောင်ကျဉ်းပေးနိုင်တဲ့ နာနိနည်းပညာဟာ ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ကြောင်း ထင်မြင်ယူဆကြပါတယ်။

စစ်လက်နက်ပစ္စည်းတွေကို နာနိနည်းပညာအသုံးပြုပြီး ထုတ်လုပ်မှုဟာ ကုန်ကျစရိတ်သက်သာပြီး၊ မြန်ဆန်လာနိုင်ပါတယ်။ လက်နက်တွေရဲ့ အရွယ်အစား ပမာဏကလဲ သေးငယ်တဲ့အတွက် အသုံးပြုရတာ ပိုမိုလွယ်ကူလာနိုင်ပါတယ်။ ဥပမာ- ကွန်ပျူတာနည်းပညာနဲ့ sensor နည်းပညာတွေကို နာနိနည်းပညာနဲ့ ပေါင်းစပ်တီထွင်ထားတဲ့ smart bullets တွေဟာ ပစ်မှတ်ကို တိတိကျကျ ဖော်ထုတ်တိုက်ခိုက်နိုင်မှာဖြစ်ပါတယ်။

ဓာတုလက်နက်နဲ့ဇီဝလက်နက် ထုတ်လုပ်မှုတွေမှာလဲ အ ထောက်အကူဖြစ်လာနိုင်ပါတယ်။ autonomous fighting systems တွေကို တီထွင် ဆန်းသစ်မှုတွေလဲရှိလာနိုင်ပါတယ်။ စစ်မြေပြင်က စစ်သားတွေရဲ့ကျန်းမာရေးအခြေအနေကို ဝတ်ထားတဲ့ စစ်ယူနီဖောင်းတွေကနေတဆင့် သေးငယ်တဲ့ sensors တွေကို အသုံးပြုပြီးစစ်ဆေးကြည့်ရှုနိုင်တဲ့ သုတေသနစီမံကိန်းတွေနဲ့ ပင်ပန်းနွမ်းနယ်မှု၊ ထိခိုက်ဒဏ်ရာရမှုတွေကို စစ်ယူနီဖောင်းတွေကတဆင့် exterior support ပြုလုပ်ပေးနိုင်ဖို့ လိုအပ်တဲ့သုတေသနစီမံကိန်းတွေလဲ စတင်နေပြီဖြစ်ပါတယ်။

အကြမ်းဖက် တိုက်ခိုက်ရေးသမားတွေဆီမှာ nano-weapons of mass destruction တွေ ရောက်ရှိသွားမယ့်အရေးကလဲ စိုးရိမ်ဖွယ်ရာဖြစ်လာပါတယ်။ ဒီထက်ပိုပြီး ကြောက်မယ်ဖွယ်ရာကောင်းတဲ့ အရေးကတော့ အစားအစာ လုံခြုံရေးပဲ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး၊ နိုင်ငံတကာ လုံခြုံရေးလေ့လာသူများ ပါဝင်တဲ့ ETC အုပ်စုက နာနိနည်းပညာဟာ စိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်ရေးကဏ္ဍတွေကနေ တဆင့် အစားအစာ၊ စားသုံးမှု သဏ္ဍာန်တွေကိုပါ သက်ရောက်မှုရှိလာစေနိုင်ကြောင်း တင်ပြထားခဲ့ပါတယ်။

**စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှ

ဒီလိုနာနိုနည်းပညာရဲ့ကောင်းကျိုး ဆိုးကျိုးသက်ရောက်နိုင်မှုတွေ ကြီးမားလာတာနဲ့အမျှ နိုင်ငံရေး၊ စီးပွားရေးခေါင်းဆောင် တွေရဲ့ နာနိုနည်းပညာအပေါ် အာရုံစိုက်မှုတွေကလဲ ကြီးထွားလာပါတော့တယ်။

နာနိုနည်းပညာအား အာရုံစိုက်ခြင်း

ကနဦးအစမှာ နာနိုနည်းပညာကို အင်အားကြီးနိုင်ငံတွေကသာ အာရုံစိုက်ကြပေမယ့်၊ နောက်ပိုင်းမှာ ဖွံ့ဖြိုးဆဲ နိုင်ငံတွေကပါ အာရုံစိုက်လာကြပါတယ်။ အဓိက အကြောင်းရင်းကတော့ နာနိုနည်းပညာဟာ nano-divide လို့ခေါ်တဲ့ နာနိုနည်းပညာကို ပိုင်ဆိုင်တဲ့ တိုင်းပြည်တွေနဲ့မပိုင်ဆိုင်တဲ့ တိုင်းပြည်တွေအကြား ကွာခြားမှုကို ဖြစ်လာစေနိုင်လို့ပါပဲ။အကျိုးအမြတ်များစေနိုင်တဲ့ကုန်ပစ္စည်းတွေကိုနာနိုနည်းပညာအသုံးပြုနိုင်တဲ့ နိုင်ငံတွေက ထုတ်လုပ်ပြီး၊ ကမ္ဘာ့ဈေးကွက်ကို လက်ဝါးကြီးအုပ်မှုတွေ ဖြစ်ပွားလာနိုင်တယ်လို့ ပညာရှင်တွေက သုံးသပ်လာ ကြပါတယ်။

အထူးသဖြင့် နာနိုနည်းပညာနဲ့ ဆက်နွယ်တဲ့ စက်မှုတော်လှန်ရေးသာ ပေါ်ထွက်လာခဲ့ရင် ကုန်ကြမ်းပစ္စည်းတွေကို နာနိုနည်းပညာနဲ့ တည်ဆောက်လာနိုင်မှာ ဖြစ်တဲ့အတွက် ကမ္ဘာ့ commodity market ကြီးတခုလုံး ဖရိုဖရဲ ဖြစ်သွားနိုင်ပြီး၊ နည်းပညာမရှိတဲ့ နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာစေနိုင်ကြောင်း စိုးရိမ်ပူပန်မှုတွေ ပေါ်ထွက်လာပါတယ်။ တောင်အာဖရိကနိုင်ငံမှာဆိုရင် မြေအောက်သယံဇာတပစ္စည်းတွေဖြစ်တဲ့ ရွှေနဲ့ တိုင်တေနီယမ်သတ္တုတွေကို နာနိုနည်းပညာအသုံးပြုပြီး တန်ဖိုးမြှင့်တင်နိုင်မယ့် သုတေသနစီမံကိန်းတွေကို အကောင်အထည်ဖော်နေကြပြီ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေဟာ သဘာဝသယံဇာတပစ္စည်းတွေနဲ့လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်မှာ မူတည်နေတဲ့တိုင်းပြည်တွေမှာလဲ နာနိုနည်းပညာလေ့လာမှုတွေ၊ သုတေသနစီမံကိန်း အကောင်အထည်ဖော်ဆောင်မှုတွေ ပြုလုပ်လာကြပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ သဘာဝသယံဇာတအရင်းအမြစ် အပေါ်မှာ မူတည်တယ်ဆိုတဲ့ အချက်ကို နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြင်းဆိုခဲ့တဲ့ နိုင်ငံတွေ ကမ္ဘာပေါ်မှာ အများအပြားရှိခဲ့ပါတယ်။

နာနိုနည်းပညာတော်လှန်ရေးအောင်မြင်သွားခဲ့ရင်တော့သဘာဝသယံဇာတအရင်းအမြစ် ပိုင်ဆိုင်မှုရဲ့ competitive advantage ဟာ လျော့ကျပျက်ပြယ်သွားတော့မှာ ဖြစ်ပါတယ်။ နာနိုနည်းပညာ တော်လှန်ရေးဟာ ကမ္ဘာ့စီးပွားရေး ချိန်ခွင်လျှာကိုသာမက ကမ္ဘာ့စစ်ရေး၊ နိုင်ငံရေး ချိန်ခွင်လျှာ အပြောင်းအလဲတွေကိုပါ ဦးတည်သွားနိုင်ကြောင်း လေ့လာသူတွေက သုံးသပ်ကြပါတယ်။ နာနိုလက်နက် အပြိုင်အဆိုင်ထုတ်လုပ်မှု (nano arms race) လဲ ဖြစ်ပွားလာနိုင်ပါတယ်။

နိဂုံး

နည်းပညာတိုင်းမှာကောင်းကျိုး၊ ဆိုးကျိုးတွေဒွန်တွဲနေပါတယ်။ ကောင်းကျိုးတွေကို အကောင်းဆုံး ရယူခံစားနိုင်အောင်ကြိုး ပမ်းပြီး၊ ဆိုးကျိုးတွေနည်းနိုင်သမျှနည်းအောင် ပြုလုပ်ဖို့ကိုတော့လူသား တွေကသာ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာရဲ့အခြေအနေကို မျက်ချေမပြတ် အာရုံစိုက်ခြင်း၊ သင့်လျော်သော မူဝါဒများ၊ စီမံကိန်းများချမှတ်ခြင်းစတဲ့ pre-cautionaryapproach ကို အသုံးပြုပြီး နာနိုနည်းပညာရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှုတွေကို လျော့ချနိုင်ပါတယ်။ နည်းပညာကို တလွဲဆံပင်ကောင်း အသုံးပြုပြီး၊ လူသားတွေရဲ့ လုံခြုံရေးကို ခြိမ်းခြောက်လာမယ့် ဆိုးကျိုးတွေကိုလဲ justice approach နဲ့ တားဆီး လျှော့ချနိုင်အောင် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ရည်ညွှန်းကိုးကား။ ။


ETC Group (2004) "26 Governments Tiptoe Toward Global Nano Governance: Grey Governance?", 30 June 2004

4th Nanoforum General Report: "Benefits, Risks, Ethical, Legal and Social Aspects of Nanotechnology", first published in June 2004, updated October2005

Ministry of Defence, UK (2003) 'Nanotechnology: Its Impact on Defence and the MoD'

Petersen J.L. & Egan D.M. (2002) 'Small Security: Nanotechnology and Future Defense', Defense Horizons 8


# အကျဉ်းသားများလွှတ်ရေးလှုပ်ရှားမှု

**DVB ၊ ဧပြီ ၂၇ ။** ။ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လက်မှတ်ရေးထိုး လှုပ်ရှား မှုတွေကို နိုင်ငံတဝန်း လုပ်ဆောင်မယ့် အစီအစဉ်ကို မန္တလေးမြို့ပေါ်မှာ ဒီကနေ့ စတင်လိုက်ပြီလို့ လက်မှတ်စုဆောင်းနေသူတွေက ပြောပါတယ်။

လူငယ်ကွန်ရက်အဖွဲ့က ဦးစီးလုပ်ဆောင်တဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလှုပ်ရှားမှုကိုလူထုအကြားချဲ့ထွင်လိုက်တာဖြစ်ပါတယ်။ လူထုအကြား လက်မှတ်လိုက်လံကောက်ယူနေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဝင် နိုင်ငံရေးအကျဉ်းသားပံ့ပိုးရေး ကွန်ရက်အဖွဲ့ဝင်တဦးက ပြောပါတယ်။

"တော်တော်လေး ထိရောက်အောင်မြင်မှုရှိပါတယ်။ ပြည်သူလူထုတွေရဲ့ သဘောထားတွေကလည်း ဒီလိုအကျဉ်းသားတွေ လွတ်မြောက်ရေး အတွက်အားလုံးက လိုလိုလားလားပဲ။ သူတို့က အများအကျိုးအတွက် ဆောင်ရွက်ကြတဲ့ ဒီလို ပုဂ္ဂိုလ်မျိုးတွေက ဒီလိုနိုင်ငံတော်အစိုးရအသစ်အဖွဲ့အသစ်၊ လူအသစ်တွေ ပြောင်းတဲ့အချိန်မှာ လွှတ်ပေးဖို့အတွက် သူတို့တာဝန်ပဲပေါ့။ အဲဒါကို မလွှတ်ပေးလို့ အခုလိုတောင်းဆိုတာကိုတော့ တရားမျှတပါတယ်။ ဒါကြောင့်မို့ လိုလိုလားလားပဲ လက်မှတ်ရေးထိုးကြပါတယ်။"

လူငယ်ကွန်ရက်ပေါ်ထွန်းရေး ပြောခွင့်ရသူ ကိုဖြိုးမင်းသိမ်းက မနေ့ကစပြီး တိုင်းနဲ့ပြည်နယ်အနှံ့ကို လက်မှတ်အရေအတွက် လေးသိန်းခွဲပေးဖို့တယ်လို့ပြောဆိုပြီး ပြည်သူ့အသံအဖြစ် ဝိုင်းဝန်းလက်မှတ်ထိုးဖို့ ဖိတ်ခေါ်ထားပါတယ်၊ ဒီလက်မှတ် တွေကို နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံပေးပို့မှာဖြစ်ပါတယ်။ ဒီမတိုင်ခင်က နိုင်ငံတွင်း ဩဇာတိက္ကမ ရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ တိုင်း ရင်းသားခေါင်းဆောင်တွေနဲ့ စာနယ်ဇင်းသမားတွေရဲ့ လက်မှတ် ၄၀၈ ဦး ရဲ့တောင်းဆိုချက်တွေကိုတော့ သမ္မတထံ ဒီလ ၂၅ ရက်နေ့ခင်းက ပေးပို့ထားပြီးဖြစ်ပါတယ်။

# ဦးသိန်းစိန်အစိုးရသစ်က ဆယ်စုနှစ်ချီတဲ့ ကုန်သွယ်မှုကောင်စီကို ဖျက်သိမ်း

**VOA । ဧပြီ ၂၅ ။** ။ မြန်မာ့ကုန်သွယ်ရေးလောကကို ဆယ်စုနှစ်နဲ့ချီ ကြီးကြပ်တဲ့ ကုန်သွယ်မှုကောင်စီကို အစိုးရသစ်ဖွဲ့စည်းပြီး လပိုင်းအတွင်းမှာပဲ ဖျက်သိမ်းလိုက်တဲ့အပေါ် စီးပွားရေးလောက အသိုင်းအဝိုင်းက ပြုပြင်ပြောင်းလဲမှုတခုအဖြစ်မြင်ကြပါတယ်။ မြန်မာ့ကုန်သွယ်ရေးလောကအတွက်တော့ အခုထက်ပိုပြီး ပြုပြင်ပြောင်းလဲစရာတွေရှိသေးတယ်လို့လည်း ဝေဖန်ကြပါတယ်။

မြန်မာ့စီးပွားရေးလောက သွင်းကုန် ထုတ်ကုန်ခွင့်ပြုမိန့် တွေနဲ့ နိုင်ငံခြားဖက်စပ်ရင်းနှီးမြှုပ်နှံမှုတွေကို စစ်ဗိုလ်ချုပ်ကြီးတွေဥက္ကဋ္ဌအဖြစ် လုပ်ဆောင်ပြီး ၁၄ နှစ်ကြာထိန်းချုပ်ခဲ့တဲ့ ကုန်သွယ်မှုမူဝါဒကောင်စီကို ဒီလထဲမှာပဲဖျက်သိမ်းလိုက်ပါတယ်။ ဒီမတိုင်ခင်က ပို့ကုန်သွင်းကုန် လုပ်ငန်းလုပ်ကိုင်ခွင့်ပါမစ်ရဖို့ သီတင်း ၂ ပတ်လောက်အထိ စောင့်ဆိုင်းခဲ့ကြရတာကနေ အခုချိန်မှာတော့ ခွင့်ပြုမိန့်ရဖို့ သီတင်း ၁ ပတ်လောက်ပဲစောင့်ဆိုင်းရတော့တယ်လို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းကပြောပါတယ်။

ဒ့ါအပြင် အရင်က နိုင်ငံခြားဖက်စပ်လုပ်ငန်းတွေမှာလည်း ပြည်တွင်းမှာလုပ်ကိုင်ခွင့်ရဖို့အရေး ကုန်သွယ်မှုမူဝါဒကောင်စီက နှစ်နဲ့ချီပြီး စဉ်းစားဆုံးဖြတ်ကြတယ်လို့လည်းဆိုပါတယ်။အခုလိုကုန်သွယ်မှုမူဝါဒကောင်စီကို ဖျက်သိမ်းလိုက်တာကိုတော့ အပြုသဘောဆောင်တဲ့ ပြုပြင် ပြောင်းလဲမှုအဖြစ် စီးပွားရေးပညာရှင်တဦးဖြစ်တဲ့ ဦးခင်မောင်ညို က သုံးသပ်ပါတယ်။

"လုပ်ငန်းစဉ်တွေများတယ်၊ စုပြီးတင်ရတယ်။ အခုကတော့ လုပ်ပိုင်ခွင့်ကို ဖြေလျှော့ပေးလိုက်တဲ့သဘောပေါ့။ ဝန်ကြီးအဆင့်မှာ လုပ်ခွင့်ပေးတယ်၊ ဝန်ကြီးကဆုံးဖြတ်။ ဝန်ကြီးကလည်း စည်းမျဉ်းစည်းကမ်းနဲ့အညီ သူလုပ်မှာပေါ့လေ။ သူ့သဘောနဲ့သူ ဒီအတိုင်းတော့လုပ်မှာမဟုတ်ပါဘူး။ ဒါ ပထမဆုံးမြင်ရတဲ့ Positive ပေါ့၊ အပြုသဘောဆောင်တဲ့ အပြောင်းအလဲလို့ပဲမြင်ပါတယ်။"

ဒါပေမဲ့ လက်ရှိမြန်မာ့စီးပွားရေးလောကမှာ အခွန်အကောက်၊ ဘဏ်စနစ်၊ လုပ်ငန်းထူထောင်လုပ်ကိုင်ခွင့်၊ ဈေးကွက်၊ သယ်ယူပို့ဆောင်ရေး စတဲ့နယ်ပယ်တွေမှာလည်း ပြုပြင်ပြောင်းလဲစရာတွေကတော့ တပုံတပင်ကျန်သေးတယ်လို့လည်း စီးပွားရေးလောက က ပြောကြပါတယ်။ အခုလို ကုန်သွယ်မှုမူဝါဒကောင်စီကို ဖျက်သိမ်းလိုက်တာတခုတည်းနဲ့တော့ မြန်မာ့စီးပွားရေးလောကအလုံးစုံ ကောင်းမွန်သွားတာတော့မဟုတ်ဘူးလို့လည်း ဦးခင်မောင်ညိုကပြောပါတယ်။

"ဒါတခုတည်းနဲ့တော့မပြီးသေးဘူးလေ။ ဒီဟာရဲ့ဂယက်ရိုက်ခတ်မှုက အတိုင်းအတာတခုအထိတော့ရှိမှာပေါ့။ ဘယ်လောက်လဲဆိုတာတော့မပြောတတ်ပါဘူး။ ဒါပေမဲ့ နောက်ထပ်လာဦးမယ်။"

အခုဖျက်သိမ်းလိုက်တဲ့ ကုန်သွယ်မှုမူဝါဒကောင်စီကို ၁၉၉၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီးတော့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးကဥက္ကဋ္ဌအဖြစ် ၂၀၀၇ ခုနှစ်အထိ တာဝန်ယူလုပ်ဆောင်ခဲ့တာပါ။ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးက ဥက္ကဋ္ဌအဖြစ်တာဝန်ဆက်ပြီးယူခဲ့ပါတယ်။ ဒီကောင်စီမှာ ဝန်ကြီးဌာန ၁၇ ခုက ဝန်ကြီးတွေက အဖွဲ့ဝင်တွေအဖြစ်ပါဝင်ပြီး သွင်းကုန်ထုတ်ကုန်လုပ်ငန်းတွေနဲ့ နိုင်ငံခြားဖက်စပ်လုပ်ငန်းတွေကို ၁၄ နှစ်ကြာ ကြီးကြပ်ခဲ့တာဖြစ်ပါတယ်။

## ကေအိုင်အေတပ်တွေပြောင်းခိုင်းတာကို ငြင်းဆို

**RFA । ဧပြီ ၂၇ ။** ။ ရှမ်းပြည်မြောက်ပိုင်း ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းဖောက်လုပ်မဲ့နေရာမှာတပ်စွဲထားတဲ့ ကချင်တပ်မတော် KIA တပ်မဟာ ၄ လက်အောက်ခံတပ်များကို အစိုးရတပ်တွေက ဧပြီလ ၂၅ ရက်နေ့က တပ်စွဲထားတဲ့နေရာတွေက ပြောင်းရွှေ့ခိုင်းတာမှာ တပ်မဟာ ၄ က ငြင်းဆိုလိုက်တယ်လို့စုံစမ်းသိရှိရပါတယ်။

အခုလို KIA တပ်တွေကိုရွှေ့ခိုင်းတာဟာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကနေ တရုတ်ပြည်ကိုဖောက်လုပ်မဲ့ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းမဲ့နေရာကို အစိုးရတပ်တွေက ရှင်းလင်းရေးအစီအစဉ်အရဖြစ်တယ် လို့သိရပါတယ်။

အခုလို အစိုးရဖက်က ပြောဆိုလာတာနဲ့ပတ်သက်ပြီး KIA တပ်မဟာ ၄ ဦးစီးမှူး ဗိုလ်မှူးကြီးဇော်ရော်က အစိုးရဖက်က တရားဝင်ပြောဆိုလာတာ ခုတကြိမ်ဟာ ပထမဆုံးဖြစ်တယ်လို့ဆိုပါတယ်။

"အဲဒီတပ်ခွဲကိုလာရွှေ့ခိုင်းတယ်ဆိုတာ မနေ့တနေ့ကပဲကျွန်နော့ကိုတင်ပြလာတယ်။ အဲဒါကျတော့ ကျွန်တော်တို့လည်း ဘယ်လိုမှ အဲဒါ အရင်ကရှိပြီးသားတပ်စခန်းတွေ ဘာတွေရွှေ့ဖို့ အစီအစဉ်တော့မရှိဘူး။ သူတို့ ဒီ ဂက်စ်ပိုက်လိုင်းလုံခြုံရေးဆိုပြီးမှအဲဒါအစီအစဉ်ရှိကြတယ်ထင်တယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ တိုက်ရိုက်ပြောဆိုလာတာကတော့ဒီတကြိမ်ပေါ့နော်၊တပ်စခန်းကိုအဲလိုရွှေ့ခိုင်းတယ်ဆိုတာကတော့ တပ်မှူးတွေကကျွန်တော့ဆီ တင်ပြလာတာပေါ့။"

## လက်မှတ်ထိုးစီမံချက် ပဲခူးတိုင်း စတင်

**RFA । ဧပြီ ၂၇ ။** ။ ပဲခူးတိုင်းအနောက်ဖက်ခြမ်း သာယာဝတီခရိုင်အတွင်းရှိ ၈ မြို့နယ် NLD အဖွဲ့ဝင်တွေဟာ မြန်မာအစိုးရသစ် သမ္မတဦးသိန်းစိန်ဆီကို နိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်ပေးဖို့မေတ္တာရပ်ခံစာနဲ့ Signature Campaign စီမံချက်ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ သာယာဝတီမြို့နယ် NLD ဥက္ကဋ္ဌက ဧပြီ ၂၇ ရက် ဒီကနေ့ RFA ကို ပြောပါတယ်။

သာယာဝတီခရိုင်အတွင်းက မြို့နယ်တွေကတော့ လက်ပံတန်း၊ ဇီးကုန်း၊ မင်းလှ၊ နတ္တလင်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ သုံးဆယ်၊ သာယာဝတီစတဲ့မြို့နယ်တွေဖြစ်ပါတယ်။

မြို့နယ်လူထုဟာလည်းဒီစီမံချက်အပေါ် အထူးစိတ်ဝင်တစားနဲ့ ပါဝင်လုပ်ဆောင်လာတာတွေ့ရကြောင်း သာယာဝတီမြို့နယ် NLD ဥက္ကဋ္ဌဦးအောင်မြင့်ကပြောသွားပါတယ်။

အခုလို လူထုလက်မှတ်ကောက်ယူတဲ့စီမံချက်ကို သာယာဝတီခရိုင်ဖက်မှာ ဧပြီ ၂၆ ရက် မနေ့ကစတင်ခဲ့တာဟာ ဧပြီ ၂၅ ရက်နေ့က NLD ဗဟိုမှာ ပဲခူးတိုင်းအရှေ့နဲ့အနောက်ခြမ်းက မြို့နယ် ၂၈ မြို့နယ်က NLD ကိုယ်စားလှယ်တွေတွေ့ဆုံခဲ့ပြီး ဒီစီမံ ချက်ဆောင်ရွက်ဖို့ပုံစံစာရွက်တွေ ဒေါ်မြဖြူသင်းတို့အဖွဲ့က ဖြန့်ဝေပေးခဲ့ပါတယ်။

ဒီပုံစံစာရွက်တွေနဲ့ မနေ့က သာယာဝတီခရိုင် ၈ မြို့နယ်မှာ ဒီစီမံချက်ကိုစတင်ခဲ့ကြတာဖြစ်ပါတယ်။ လူထုအနေနဲ့စိတ်ဝင်စားမှုနဲ့ ပတ်သက်လို့လည်း သာယာဝတီမြို့နယ် NLD ဥက္ကဋ္ဌဦးအောင်မြင့်က အခုချိန်ထိ သာယာဝတီနဲ့သုံးဆယ်မြို့နယ်တွေမှာ လူထုလက်မှတ်ကောက်ယူခဲ့တာ လက်မှတ် ၇၀၀ ကျော် ကောက်ခံရရှိပြီလို့လည်း ပြောသွားပါတယ်။

# အစိုးရသစ်အပေါ်သုံးသပ်ချက်နဲ့ ပြည်သူသို့တင်ပြချက် ကွန်ယက် ၁၁ ဖွဲ့ ထုတ်ပြန်

**RFA ၊ ဧပြီ ၂၉ ။** ။ ဗိုလ်ချုပ်ကြီးဟောင်းဦးသိန်းစိန်နဲ့ အစိုးရအပေါ် သုံးသပ်ချက်နဲ့ ပြည်သူလူထုသို့အသိပေးတင်ပြချက်တစောင်ကို ဒီမိုကရေစီရေးအင်အားစုကွန်ရက် ၁၁ ဖွဲ့က ဧပြီ ၂၉ ရက် ဒီနေ့ ထုတ်ပြန်လိုက်ပါတယ်။

ဦးသိန်းစိန်အစိုးရအဖွဲ့မှာ ၃၅ နေရာရှိတဲ့အနက် စစ်ဖက်က ၂၆ နေရာယူထားပြီး ကျန်နေရာတွေကို ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကနေရာယူထားတာကို သုံးသပ်တင်ပြထားတဲ့အကြောင်း ကွန်ရက်တဖွဲ့ဖြစ်တဲ့ ရန်ကုန်တိုင်းအတွင်း ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူ ကျောင်းသားလူငယ်များအင်အားစုက ကိုရန်နိုင်ကပြောပါတယ်။

"ဦးသိန်းစိန်သမတလုပ်တဲ့ ဒီ ၂၀၁၀ အလွန် အစိုးရဟာ ဒီ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံနဲ့ဥပဒေရေး၊ တရားရေးတို့၊ အုပ်ချုပ်ရေးတို့ စတဲ့ကဏ္ဍတွေမှာ စစ်အုပ်စု ထိပ်သီးခေါင်းဆောင်တွေကပဲ နေရာယူထားတာကို ကျွန်တော်တို့သုံးသပ်တွေ့ရှိရတယ်။ အရပ်ဝတ် စစ်ဗိုလ်တွေအနေနဲ့ရော နောက်တခါက စစ်ဖက်ကနေစည်းရုံးထားတဲ့ ဒီ ကြံ့ဖွတ်ပါတီထိပ်သီးတွေကပဲ အစိုးရအဖွဲ့မှာ အသီးသီးနေရာယူထားတာကို ကျွန်တော်တို့သုံးသပ်တွေ့ရှိရတယ်။"

"နောက် တချက်က ဒီ ၂၀၁၀ ရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ ဒီကြံ့ဖွတ်စစ်အစိုးရဟာ စစ်အာဏာရှင်စနစ်ကို ကိုယ်စားပြုတဲ့အစိုးရတရပ်အဖြစ်ကနေပြီးတော့ ဒီမိုကရေစီစနစ်ကို လမ်းကြောင်းက အမှန်တကယ်သွားမယ်ဆိုရင် တိုင်းပြည်အတွင်းမှာ ပထမဦးဆုံးအနေနဲ့ ကျွန်တော်တို့အခုတောင်းဆိုထားတဲ့အချက်တွေကို ပြုလုပ်ပေးဖို့ လိုအပ်တယ်ဆိုတာကို ထောက်ပြထားတယ်။"

ကြေငြာချက်မှာ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ချွင်းချက်မရှိလွှတ်ပေးဖို့၊ ပြည်တွင်းစစ် ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး ချက်ချင်းဆောင်ရွက်ဖို့၊ စစ်အစိုးရလက်ထက် တလျှောက်လုံးမှာ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု နယ်ပယ်တွေမှာဒီမိုကရေစီအခွင့်အရေးတွေ တားဆီးပိတ်ပင်တဲ့ အမိန့်ကြေညာချက်တွေကို ဖျက်သိမ်းပေးဖို့၊ နိုင်ငံရေးပါတီတွေဖွဲ့စည်းခွင့်အပါအဝင် လူထုလူတန်းစားအလွှာအသီးသီးရဲ့ အသင်းအပင်း ဖွဲ့စည်းခွင့်နဲ့ စည်းရုံးလှုပ်ရှားခွင့်တွေခွင့်ပြုဖို့နဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲရေးအတွက် သက်ဆိုင်တဲ့အင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ဆိုတာတွေကို တောင်းဆိုထားပါတယ်။

ဒီအချက်တွေမဖြည့်ဆည်းဘူးဆိုရင် အစိုးရနာမည်ကို ဘယ်လိုတပ်တပ်၊ လွှတ်တော်ကို ဘယ်လိုပုံစံနဲ့ပဲကျင်းပကျင်းပ ဟန်ပြလုပ်ရပ်တွေပဲဖြစ်တာမို့ စစ်အာဏာရှင်စနစ်ကို ဆက်ကျင့်သုံးပြီး တိုင်းပြည်ကို လိမ်ညာနေတာပဲဖြစ်တယ်လို့ ထောက်ပြထားပါတယ်။

ဒီကြေငြာချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီး၊ ၈၈မျိုးဆက်ကျောင်းသားများ။ ရက္ခအလင်းတန်း၊ ရွှေဝါရောင်တော်လှန်ရေး၊ ရန်ကုန်တိုင်းအတွင်း ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူကျောင်းသားလူငယ်များအင်အားစု၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ၂၀၀၇ ခု မျိုးဆက်ကျောင်းသားများသမဂ္ဂ၊ ရခိုင်ကျောင်းသားများသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ၊ အခြေခံပညာကျောင်းသားများသမဂ္ဂနဲ့ မြေလတ်ကျောင်းသားများအဖွဲ့တို့က ပူးပေါင်းထုတ်ပြန်လိုက်တာပါ။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**